ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့၊ (28-11-2010) (ဖျာဖ)

ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေး စတင်ကျင်းပ

ရန်ကုန်　　နိုဝင်ဘာ　၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆဋ္ဌအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမအစည်းအဝေးကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာမဟာသဘင်၌ စတင်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုတော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ တွဲဖက်အကျိုးတော်ဆောင်ဆရာတော်များနှင့် အဖွဲ့ဝင်ဆရာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးကျော်၊ သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန **စာမျက်နှာ ၃ ကော်လံ ၁ သို့**☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန်(၇၈)မိုင် လမ်းပေါ်တွင် သံလွင်မြစ်ကူးတံတား တာပါးကို တွေ့ရစဉ်။

ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန် (၇၈)မိုင် တောင်ပေါ်ကားလမ်း တစ်နေရာကို တာမိုးညဲဒေသ၌ ဤသို့ တွေ့ခဲ့ရသည်။

ကွတ်ခိုင်-တာမိုးညဲ-တာပါး ၁၈ မိုင်လမ်းဆုံ(တာရွှေထန်) မြန်မာနိုင်ငံ အရှေ့မြောက်ဖျား တောင်ပေါ်လမ်းအား လမ်းအကျယ်ချဲ့ခြင်း၊ ကတ္တရာခင်းခြင်းတို့ကို

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်နေ

သတင်းဆောင်းပါး-ခရမ်းစိုးမြင့် ➤ ဓာတ်ပုံ-ကျော်မိုးလွင်

ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး ၁၈ မိုင်လမ်းဆုံ (တာရွှေထန်) အထိ ၇၈ မိုင် မော်တော်ကားလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မူလလမ်းမှ လမ်းသား ၃၄ ပေ အထိ ချဲ့ထွင်ပြီး တစ်ဆက်တစ်စပ်တည်း ကတ္တရာလမ်း အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိ။

မြန်မာနိုင်ငံအရှေ့မြောက်ဖျားဒေသရှိ မုန်းဝန်းဒေသသည် ဝေးသီခေါင်ဖျားလှသည်ဟု မဆိုနိုင်လောက်သော်လည်း နယ်စပ်အစွန်အဖျားအရပ်ဒေသတစ်ခုဖြစ်ပြီး တောင်စွယ်တောင်တန်းအသွယ်သွယ် စိမ်းစိမ်းညို့ညို့ တောင်ယာလက်ဖက်ခင်း စသည်များဖြင့် သာယာလှသည်။

ထိုနေရာ ထိုဒေသ တောတောင်အထပ်ထပ်တွင် လွန်ခဲ့သော နှစ်ပေါင်း ၄၀၀ကျော်မှ စတင်အခြေချ နေထိုင်ခဲ့ကြသော မြန်မာပြည်ဖွား တိုင်းရင်းသားများရှိသည်။ ၎င်းတို့သည် ဘိုးစဉ်ဘောင်ဆက်မှသည် သားစဉ်မြေးဆက်အထိ အခြေချနေထိုင်ခဲ့ကြသူများ ဖြစ်သည့်အပြင် “ဤမြေဤရွာ တို့မြေရွာ ဤမြေရွာဖွား တို့သွေးသား” ဟု ခံယူလျက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပြီး မိမိနိုင်ငံ၊ မိမိဒေသကို ထိန်းသိမ်းစောင့်ရှောက်ကြသူများ ဖြစ်သည်။

ကုန်းဘောင်ခေတ်ကို စတင်တည်ထောင်ခဲ့သော အလောင်းမင်းတရားလက်ထက် မြန်မာသက္ကရာဇ် ၁၁၁၄ ခုနှစ်၊ ခရစ်နှစ် သက္ကရာဇ် ၁၇၅၂ ခုနှစ်မှ အစပြု၍ မုန်းဝန်းဒေသမှ တိုင်းရင်းသားများသည် ယနေ့ထက်တိုင် ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် စုပေါင်းနေထိုင်လျက်ရှိကြသည်။

မုန်းဝန်းဒေသဆိုသည်မှာ တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန် စသည်တို့ဖြစ်ပြီး မြန်မာနိုင်ငံ၏ **စာမျက်နှာ ၈ ကော်လံ ၁ သို့**◆

၂၈-၁၁-၂၀၁၀
(တနင်္ဂနွေနေ့)

မြို့ရွာရပ်ကျေး မီးဘေးအန္တရာယ် သတိပြုကာကွယ်

သဘာဝဘေးအန္တရာယ်များတွင် မီးဘေးအန္တရာယ်သည် တစ်ခုအပါအဝင်ဖြစ်သည်။ ရာသီဥတု ပူပြင်းလာချိန်တွင် မီးဘေးအန္တရာယ် ပိုမိုဖြစ်ပွားလေ့ရှိသည်။ လူအများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှုမရှိစေရေး ပြည်သူတိုင်းက ဝိုင်းဝန်းကာကွယ်မှုများ ပြုလုပ်ကြရပေမည်။

မီးလောင်မှုများတွင် ပေါ့ဆမီး၊ မီးဖိုမီး၊ လျှပ်စစ်မီး၊ မသမာသူရှို့မီး၊ တောမီးနှင့် အလိုအလျောက်မီးတို့ကြောင့် ဖြစ်ပွားတတ်ကြောင်း သိရသည်။ နိုဝင်ဘာလအတွင်းက မြို့နယ်အချို့တွင် မီးလောင်မှုများဖြစ်ပွားခဲ့ရာ လမ်းဘေးဓာတ်ဆီဆိုင်၌ ပုလင်းထဲသို့ ဓာတ်ဆီထည့်စဉ် ဆေးလိပ်သောက်၍ မီးလောင်ခြင်း၊ မီးသွေးမီးဖိုဖြင့် ထမင်းအိုးတည်ရာမှ ထရံသို့ ကူးစက်မီးလောင်ခြင်း၊ ဂက်စ်ကားပေါ်တွင် ဆေးလိပ်သောက်ရာမှ မီးလောင်ခြင်းစသည့် ဖြစ်ရပ်အချို့ကို ကြားသိနေရသည်။

ဈေးနှင့် စက်ရုံအလုပ်ရုံ မီးလောင်မှုများသည် လျှပ်စစ်ဝါယာ ရှော့ဖြစ်ခြင်း၊ လျှပ်စစ်ဓာတ်အားမြင့်တက်ခြင်း၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများကို အသုံးပြုနေခြင်း၊ မီးအားထိန်းကိရိယာချွတ်ယွင်းခြင်းတို့ကြောင့် စတင်ဖြစ်ပွားပြီး ထိခိုက်ဆုံးရှုံးမှုလည်း များပြားလှသည်။

မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူများအားလုံး မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ သိရှိလိုက်နာနိုင်ရန် မပြတ်သတိပေးနှိုးဆော်လျက်ရှိသည်။ ဈေးများ၊ အထပ်မြင့်အဆောက်အအုံများ မီးဘေးအန္တရာယ်ကင်းရှင်းစေရေး စည်ပင်သာယာအဖွဲ့များနှင့် ညှိနှိုင်းလုပ်ဆောင်နေသည်။ ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ်တို့မှ အသိပညာပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် မြို့နယ်ရပ်ကွက် ကျေးရွာများတွင် မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့လေ့ကျင့်ခြင်း၊ ပညာပေးဟောပြောခြင်းများ မပြတ်ပြုလုပ်လျက်ရှိသည်။

မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းသည် လူတိုင်းနှင့်သက်ဆိုင်သည်။ ဈေးသူဈေးသားများ၊ မြို့ပြရပ်ကွက်နေ ပြည်သူများအပိုင်းကလည်း သိရှိလိုက်နာ ပူးပေါင်းဆောင်ရွက်ကြရပေမည်။ ဈေးတိုင်း၊ ရပ်ကွက်တိုင်း၊ ကျေးရွာတိုင်းတွင် ရေလှောင်ကန်ကြီးများတည်ဆောက်၍ ရေဖြည့်ထားပြီး နေအိမ်၊ ဈေး၊ ကျောင်း အဆောက်အအုံတိုင်းတွင် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကတ်၊ ရေပုံးသဲပုံးများ အသင့်ထားရှိကြရန် လိုအပ်သည်။

မီးသည် သုံးတတ်လျှင်မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်သည်။ ပြည်သူတိုင်းက **မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်** ဆောင်ပုဒ်နှင့်အညီ မီးဖိုမှ မီးကြွင်းမီးကျန်များ၊ ခြင်ဆေးခွေများကို စနစ်တကျငြိမ်းသတ်ပြီးမှ အိပ်ကြရမည့်အပြင် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်း၊ လဲလှယ်ခြင်း၊ ဂက်စ်ကားပေါ်တွင် ဆေးလိပ်သောက်ခြင်းတို့ မပြုလုပ်မိစေရန် သတိမူကြရပေမည်။ မီးဘေးကာကွယ်ရေးသတိပေးနှိုးဆော်ချက်များကို ဂရုပြုလိုက်နာဆောင်ရွက်ကြခြင်းဖြင့် မီးဘေးအန္တရာယ်မှ ကင်းဝေးနိုင်ကြမည် ဖြစ်ပါသည်။ ။

မိုးစပါး အထွက်နှုန်းမှန်ကန်ရေး မြောင်မြို့နယ်၌ စံကွက်ရိတ်သိမ်း

နေပြည်တော် နိုဝင်ဘာ ၂၇

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်မြောင်မြို့နယ် ရွှေပေါက်ပင်ကျေးရွာအုပ်စု ရွှေပေါက်ပင်ရွာ ကွင်းအမှတ် (၂၇၄) ဦးပိုင်အမှတ် (၂၃၃/၁) တောင်သူဦးပြုံးချို၏ လယ်မြေ၌ နိုဝင်ဘာ ၂၃ ရက် နံနက်ပိုင်းတွင် မိုးစပါး အထွက်နှုန်းမှန်ကန်ရေး စံကွက်ရိတ်သိမ်းရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးနိုင်အောင်၊ စစ်ကိုင်းခရိုင်ဥက္ကဋ္ဌ ဦးအုန်းသန်းနှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းခရိုင်မြေစာရင်းဦးစီးဌာနမှူး ဦးအောင်မြင့်နှင့် ခရိုင်စိုက်ပျိုးတိုးတက်မှု ညှိနှိုင်းရေးအဖွဲ့ဝင်များ၊ မြောင်မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ မြောင်မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးကိုကိုလေးနှင့် မြို့နယ်စိုက်ပျိုးတိုးတက်မှု ညှိနှိုင်းရေးအဖွဲ့ဝင်များက ကွင်းဆင်းကြည့်ရှုကြသည်။**(အောက်ပုံ)**

အဆိုပါ စံကွက်ရိတ်သိမ်းသည့် လယ်တွင် မနောသုခစပါး ၃ ဒသမ ၆၇ ဧကစိုက်ပျိုးထားရှိရာ တစ်ဧကပျမ်းမျှ ၈၆ ဒသမ ၉၆ တင်း ထွက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တိုင်းကိုယ်စားပြု အားကစားအသင်းများ တွေ့ဆုံပွဲတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အားကစားအသင်းများ တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၂၅ ရက်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ တပ်မတော်အရာရှိကြီးများ၊ အသင်းအုပ်ချုပ်သူနှင့် နည်းပြများ၊ ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု ဂေါက်သီး၊ လက်ဝှေ့၊ ရေကူး/ဝါတာပိုလိုနှင့် သေနတ်ပစ်အားကစားအသင်းများအား တိုင်းမှူးနှင့် တစ်သင်းချင်း မိတ်ဆက်ပေးပြီး အသင်းများ၏ အခြေအနေကို တာဝန်ရှိသူများက တင်ပြကြသည်။

ထို့နောက် တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အားကစားအသင်းများ တွေ့ဆုံပွဲတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဘုရင့်နောင်ဈေးမိသားစု ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် နိုဝင်ဘာ ၂၇

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနအောက်ရှိ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ဈေးကြီး (၆)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၉ နာရီတွင် ဘုရင့်နောင်ဈေးကြီးအတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ ဈေးများဌာနမှ ဌာနခွဲမှူး ဦးအောင်နိုင်ထွေး၊ ဈေးသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ အတွင်းရေးမှူး ဦးခင်မောင်လွင်နှင့် အဖွဲ့ဝင်များ၊ ပညာရည်ချွန်ဆုရ ဈေးသူ၊ ဈေးသားများ၏ မိသားစုများ တက်ရောက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ဘုရင့်နောင်ဈေးကြီး ဈေးသူ၊ ဈေးသား၊ သားသမီးများမှ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရ တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရသူ တစ်ဦး၊ လေးဘာသာဂုဏ်ထူးရ ခုနစ်ဦး၊ သုံးဘာသာဂုဏ်ထူးရ နှစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရသူ ခြောက်ဦး၊ တစ်ဘာသာဂုဏ်ထူးရ ငါးဦးနှင့် ရိုးရိုးအောင်မြင်သူ ၂၀ တို့အား ဆုတံဆိပ် ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများ ချီးမြှင့်ကြသည်။**(အောက်ပုံ)**

ထို့ပြင် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးအဖြစ် အောင်မြင်သည့် ကျောင်းသူတစ်ဦးအား ပြုစုပျိုးထောင်ပေးသည့် မိဘနှစ်ပါးကို ပညာ့ဥယျာဉ်မှူးဆုကိုလည်း ဈေးသာယာရေးအဖွဲ့က ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကြေးမုံ)

နိုင်ငံတကာ တက္ကသိုလ်ဝင်ခွင့်များနှင့် ဘာသာရပ်များ ရွေးချယ်ရန် နည်းလမ်းကောင်းများ စုစည်းရှင်းလင်းမည်

ရန်ကုန် နိုဝင်ဘာ ၂၇

နိုင်ငံတကာပညာရေးနှင့် စပ်လျဉ်း၍ နှစ်စဉ် သတင်းအချက်အလက်သစ်များ၊ ဝင်ခွင့်သတ်မှတ်ချက်၊ လိုအပ်ချက်နှင့် အပြောင်းအလဲများ ဖြစ်ပေါ်လေ့ရှိရာ ကျောင်းသား၊ ကျောင်းသူများ လေ့လာသိရှိထားရန် လိုအပ်သည့်အတွက် ကျောင်းများကို မလျှောက်ထားမီ မိမိတို့စွမ်းဆောင်နိုင်မှု၊ စိတ်ပါဝင်စားမှုများကို သိရှိထားပြီး ဘာသာရပ်များ၏ သဘောသဘာဝများကို သိရှိထားမှသာ ဘာသာရပ်များ ရွေးချယ်ခြင်း၊ ပညာရေးလမ်းကြောင်းများ ရွေးချယ်ခြင်းတို့ကို မှန်ကန်စွာ ပြုလုပ်နိုင်မည်ဖြစ်သည်။

ယင်းအတွက် နိုင်ငံတကာပညာရေးနှင့် အသက်မွေးဝမ်းကျောင်း လမ်းညွှန်မှုများအတွက် အတိုင်ပင်ခံလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် CROWN Education က ဘာသာရပ်တစ်ခုချင်းစီ၏ အားနည်းချက်၊ အားသာချက်များ၊ ဘာသာရပ်အလိုက် နာမည်ကြီးတက္ကသိုလ်များနှင့် ဝင်ခွင့်လိုအပ်ချက်များ၊ နိုင်ငံတကာ၌ အလုပ်အကိုင်ရှာဖွေရာတွင် အထောက်အကူပြုစေမည့် လူဝင်မှုကြီးကြပ်ရေးမူဝါဒများကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ CROWN Education Teaching Hall ၌ သက်ဆိုင်ရာ ကဏ္ဍအသီးသီးအလိုက် ရှင်းလင်းမည်ဖြစ်သည်။ ထို့အပြင် စီးပွားရေးနှင့် စာရင်းအင်းပညာရပ်များ၊ အင်ဂျင်နီယာ ဘာသာရပ်များ၊ ဒီဇိုင်းဘာသာရပ်များ၊ ကွန်ပျူတာဘာသာရပ်များ၊ ဆေးပညာနှင့် ဆက်စပ်ဘာသာရပ်များ အကြောင်းနှင့် အဆိုပါ ဘာသာရပ်များအတွက် လေ့လာသင်ယူသင့်သော နာမည်ကြီး တက္ကသိုလ်များနှင့် ဝင်ခွင့်များကိုပါ အဆိုပါနေ့တွင် ရှင်းလင်းသွားမည်ဖြစ်သည်။

မိဘများနှင့် စိတ်ပါဝင်စားသူများအား သက်ဆိုင်ရာအချိန်အလိုက် သီးသန့်ဆွေးနွေးနိုင်ရန် စီစဉ်ထားပြီး စင်ကာပူအစိုးရကျောင်းများနှင့် စပ်လျဉ်းသော ဝင်ခွင့်အသေးစိတ်များကိုလည်း ဆွေးနွေးမေးမြန်းနိုင်သည်။ အသေးစိတ်အချက်အလက်များနှင့် ဆွေးနွေးပွဲတက်ရောက်ရန် စာရင်းပေးလိုသူများသည် CROWN Education ရုံးခန်း၊ Summit Parkview Hotel အခန်းနံပါတ် (၂၂၈-၂၂၉) ဖုန်း-၂၁၁၈၈၈ လိုင်းခွဲ ၂၂၈ နှင့် ဖုန်း-၇၃၀၄၀၆၈၈နှင့် ၀၉-၄၉၂၉၃၁၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

R.I.T/Y.I.T /Y.T.U (EP/EC) (၁၉၉၅ မှ ၂၀၀၃) ဘွဲ့ရကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၇

R.I.T/Y.I.T/Y.T.U (EP/EC) ၁၉၉၅ မှ ၂၀၀၃ ထိ ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့)တွင် M-3 စားသောက်ဆိုင်(ဗဟန်း)၌ နံနက် ၉ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပြီး ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ကိုမင်းထွန်း ဖုန်း-၀၉-၅၀၁၂၁၅၄၊ ကိုအေးမင်းလှိုင် ဖုန်း-၀၉-၅၀၂၁၀၈၅၊ မညိုညိုခိုင် ဖုန်း-၀၉-၅၁၀၁၃၃၁၊ ကိုသန့်စံ ဖုန်း-၀၉-၈၅၀၁၈၀၀၊ ကိုသိန်းမြင့်ထွန်း ဖုန်း-၀၉-၅၀၂၁၀၇၊ ၀၁-၇၃၀၀၀၉၀၆၊ ကိုကိုလွင် ဖုန်း-၀၉-၅၁၂၄၃၄၀၊ ကိုကျော်မြတ်ခိုင် ဖုန်း-၃၈၃၆၇၆၊ ၀၁-၇၃၀၀၀၂၄၀၊ ကိုဇော်နိုင် ဖုန်း-၀၉-၅၀၁၀၀၃၇၊ ကိုသူရိန်ထွန်း၊ ဖုန်း-၀၉-၅၁၀၄၈၀၅၊ ကိုဇော်မင်းဦး(ခ)ကိုပြောင်ကြီး ဖုန်း-၀၁-၃၇၂၂၃၅၊ ၀၉-၅၀၃၂၁၉၅၊ မခင်ခင်သန်း ဖုန်း-၀၉-၅၁၉၁၇၀၈၊ ကိုနေဦး ဖုန်း-၀၉-၅၀၁၁၈၃၆၊ ကိုအေးကို၊ ဖုန်း-၀၉-၅၀၅၀၂၇၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်သံဃနာယကများက ပိတ်ပင်ထားသည့်ကိစ္စများကို အလွယ်တကူ ခွင့်ပြုတော်မမူကြဘဲ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်သံဃနာယကအဖွဲ့များ၊ သာသနာရေးမှူးများထံ သေချာစွာစုံစမ်းပြီးမှသာ ခွင့်ပြုသင့်

နေပြည်တော် နိုဝင်ဘာ ၂၇

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဒွါဒသမအစည်းအဝေး၌ သဘာပတိ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ မြွက်ကြားတော်မူသော သာရဏီယ ဩဝါဒကထာမှာ အောက်ပါအတိုင်းဖြစ်သည်-

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ ဒွါဒသမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်အရှင်မြတ်တို့ဘုရား။

ဆရာတော်အရှင်မြတ်တို့ ကိုယ်စိတ်နှစ်ဖြာချမ်းသာစွာဖြင့် သာသနာတော်အကျိုးကို သယ်ပိုးရွက်ဆောင်တော်မူနိုင်ကြပါစေဟု အာသီသပတ္ထနာပြုလျက် နှုတ်ခွန်းဆက်သပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ မိမိတို့၏ကျောင်းတိုက်တာဝန် အစရှိသော တာဝန်ကိစ္စအဝဝတို့ကို လျစ်လျူရှု၍ သာသနာရေးကို အလေးပေးကာ ကြွရောက်တော်မူလာကြသည်ကို တွေ့မြင်ရပါသဖြင့် လွန်စွာ ဝမ်းမြောက်ရပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

တပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး ဖွဲ့စည်းတည်ထောင်၍ သာသနာတော်သန့်ရှင်းရေး၊ သာသနာတော် တည်တံ့ရေး၊ သာသနာတော် ပြန့်ပွားရေးဟူသော ဦးတည်ချက်သုံးရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြသည်မှာ နှစ်ပေါင်း (၃၀)ပြည့်မြောက်ခဲ့ပြီးဖြစ်ပါသည်ဘုရား။ ထိုနှစ်ပေါင်း (၃၀) အတွင်း နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီး၏ ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ဆင်ခြင်ကြည့်လျှင် တင်းပြည့်ကျပ်ပြည့်မဟုတ်သော်ငြားလည်း သင့်လျော်သော အတိုင်းအတာ ပမာဏအထိ အောင်မြင်သည်ကို တွေ့ရမည်ဖြစ်ပါသည်ဘုရား။

အမြွက်မျှလျှောက်ထားရပါလျှင် သိက္ခာမတင် သိမ်မဝင်ဘဲ မိမိဘာသာသက်န်းဝတ်၍ အလှူခံစားနေသော ရဟန်းတု၊ ရဟန်းယောင်များ၊ သိက္ခာပုဒ်ပညတ်တော်များကို ကျင့်သုံးခြင်းမရှိဘဲ ဘုရားရှင်စက်ဆုပ်တော်မူအပ်သော ဗုဒ္ဓပဋိကုဋ္ဌဂိဟိကမ္မတို့ကိုသာ ပြုလုပ်နေကြသော အလဇ္ဇီ ဒုဿီလရဟန်းဆိုးတို့ကို ဓမ္မစက် အာဏာစက်ဖြင့် သုတ်သင်ရှင်းလင်းနိုင်ခြင်း သာသနာတော်ကြီး၏ ကြီးမားသော အန္တရာယ်များဖြစ်ကြသည့် လူသေလူဖြစ်ဝါဒ၊ သမ္မာဒိဋ္ဌိသုတေသနဝါဒ၊ ရွှေအဘိဓမ္မာဝါဒ၊ ကျောက်ပုံတောရ ကမ္မာ့ဝိပဿနာဝါဒ၊ ကျောက်သဘော်ဝါဒ၊ ကြောင်ပန်းတောရဝါဒ စသော အဓမ္မဝါဒများကို ဓမ္မစက် အာဏာစက်ဖြင့် ဖယ်ရှားတားမြစ်နိုင်ခြင်း၊ သာသနာတော် တည်တံ့ခိုင်မြဲရန်အတွက် မန္တလေး၊ ရန်ကုန်မြို့ကြီးများ၌ ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများဖွင့်လှစ်၍ ပရိယတ်ကို ခေတ်မီနည်းစနစ်ဖြင့် ပို့ချသင်ကြားစေခြင်း၊ တောင်တန်းဒေသ၊ နယ်စပ်ဒေသ စသော သာသနာတော် မထွန်းလင်းသောဒေသများ၌ သာသနာပြုကျောင်းများတည်ထောင်ဖွင့်လှစ်၍ သာသနာပြုစေခြင်း၊ သာသနာပြုရဟန်းတော်များ၊ လူပုဂ္ဂိုလ်များကို သာသနာပြုသင်တန်းများဖွင့်လှစ်ပို့ချ၍ သာသနာပြုစေခြင်း၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကြီး တည်ထောင်ဖွင့်လှစ်၍ ပြည်တွင်းပြည်ပမှ သင်တန်းသားများကို ပို့ချသင်ကြားပေးပြီးလျှင် ပြည်ပသို့ သာသနာပြု စေလွှတ်ခြင်း၊ သီလရှင်သာသနာပြုကျောင်းများဖွင့်လှစ်၍ သာသနာပြုစေခြင်း စသော ရလဒ်များပင်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား-

ယခုအချိန်အခါတွင် အချို့အဓမ္မဝါဒီများသည် မိမိတို့၏ အဓမ္မဝါဒများကို အတိအလင်းဖြစ်စေ၊ အကြားအကြား၌ ကြားညှပ်လျက်ဖြစ်စေ ဟောကြားပြသနေသည်များမှာ တစ်စ တစ်စဖြင့် များပြားလာသည်ကို ကြားသိနေရပါသည်။ ထိုအဓမ္မဝါဒများကို မြို့နယ်သံဃနာယကအဖွဲ့များက မဟောပြောရန်၊ မပြသရန် တားမြစ်သည့်အခါ အဓမ္မဝါဒီများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားလာသဖြင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က "ဓမ္မဝိနယနှင့် ညီညွတ်လျှင် ဟောပြောခွင့်ပြုသည်"ဟုဆုံးဖြတ်ညွှန်ကြားခဲ့ပါသည်ဘုရား။ "ဓမ္မဝိနယနှင့် ညီညွတ်လျှင် ဟောပြောခွင့်ပြုသည်"ဟူသော ဆုံးဖြတ်ချက်သည် မှန်ကန်သောဆုံးဖြတ်ချက်ဖြစ်ပါသည်။ ယင်းသို့ပင် မှန်ကန်ပါသော်လည်း အဓမ္မဝါဒများကို ကြားညှပ်၍ ဟောသည် မဟောသည်ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က သွားရောက်လေ့လာနိုင်သည်မဟုတ်ပါ။ မြို့နယ်သံဃနာယကများသည် သူတို့၏ မြို့နယ်အတွင်း၌ ဖြစ်ပေါ်လာသည့်ကိစ္စကို နိုင်ငံတော်သံဃမဟာနာယကထက်ပို၍သေချာစွာသိနိုင်ပါသည်။ သို့ဖြစ်၍ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်သံဃနာယကများက ပိတ်ပင်ထားသည့်ကိစ္စများကို အလွယ်တကူ ခွင့်ပြုတော်မမူကြဘဲ ပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ်သံဃ နာယကအဖွဲ့များ၊ သာသနာရေးမှူးများထံ သေချာစွာစုံစမ်းပြီးမှသာ ခွင့်ပြုသင့်သည်ဟု ထင်မြင်ယူဆပါက ခွင့်ပြုသင့်ပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား-

ဆရာတော်အရှင်မြတ်တို့သည် မိမိတို့၏ဒေသ၌ အရှိန်အဝါ ဩဇာကြီးမားတော်မူကြသည့် ပါကဋပုဂ္ဂိုလ်များ ဖြစ်ကြပါသည်ဘုရား။ အရှင်မြတ်တို့၏ နည်းလမ်းညွှန်ပြဩဝါဒကို အများသံဃာထုက လိုက်နာကြမည်မှာ ဧကန်ဖြစ်ပါသည်ဘုရား။ သို့ဖြစ်၍ အရှင်မြတ်တို့အနေဖြင့် ရှေးရှေးသော သာသနာပြု မဟာထေရ်အရှင်မြတ်ကြီးများ၏ ထုံးကို နှလုံးမူကြလျက် သာသနာတော်သန့်ရှင်းရေး၏ အဓိကအကြောင်းအရင်းဖြစ်သော အဓမ္မဝါဒများ မပြန့်ပွားရေး၊ သာသနာတော်တည်တံ့ရေး အကြောင်းဖြစ်သော ပရိယတ္တိစာပေများ သင်ကြားပို့ချရေး၊ ပရိယတ္တိနှင့်လျော်ညီသော တရားဓမ္မများ ဟောပြောပြသရေး၊ သာသနာတော်ပြန့်ပွားရေးအတွက် ပရိယတ္တိစာပေများကို ခေတ်မီနည်းစနစ်များဖြင့် သင်ကြားပို့ချရေး၊ ပြည်တွင်းပြည်ပ သာသနာပြုကိစ္စများ တိုးတက်အောင် ဆောင်ရွက်ရေး အစရှိသော သာသနာတော်အတွက် ဆောင်ရွက်ဖွယ်ကိစ္စအဝဝတို့ကို ပြင်းပြထက်သန်သော ဖွဲ့လုံ့လဖြင့် မဖြစ်မနေ ဆောင်ရွက်တော်မူကြပါရန် လေးလေးနက်နက် လျှောက်ထားလိုပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား-

ပရိသတ်လေးပါးအလယ်၌ ထိုင်နေတော်မူ၍ တရားဟောတော်မူသော မြတ်စွာဘုရားကိုသော်မှ အချို့က ကဲ့ရဲ့ကြ၊ အချို့က ချီးမွမ်းကြသေးသည်ဟု ဓမ္မပဒအဋ္ဌကထာ(ဒု-၂၁၀)၌ ပြဆိုထားပါသည်ဘုရား။ ထို့အတူပင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးကို ကဲ့ရဲ့သူများရှိကြသလို ချီးမွမ်းသူများလည်း ရှိကြပါလိမ့်မည်ဘုရား။ ယင်းသို့ ကဲ့ရဲ့ခံကြရ၊ ချီးမွမ်းခံကြရသည့်အခါ မြတ်စွာဘုရားရှင်ဟောကြားတော်မူသော "နိန္ဒာယ နပ္ပဝေဓေယျ၊ နဥန္နမေယျ ပသံသိတော ဘိက္ခု" ဟူသော သုတ္တနိပါတ် (၄၂၃) နှင့်အညီ သူတစ်ပါးတို့ ကဲ့ရဲ့ခြင်းကြောင့် စိတ်ဓာတ်တွန့်ဆုတ် မတုန်လှုပ်ရာ၊ ချီးမွမ်းခံရလျှင်လည်း ဝမ်းသာလှုပ်ရှားမတက်ကြွရာဟူသော ဤဒေသနာတော်ကို ဦးထိပ်ရွက်ပန်ဆင်၍ အကဲ့ရဲ့ခံရလျှင်လည်း မတုန်လှုပ်ဘဲ၊ အချီးမွမ်းခံရလျှင်လည်း မတက်ကြွဘဲ စိတ်ဓာတ်တည်ငြိမ်အောင် ထားတော်မူကြရမည်သာ ဖြစ်ပါသည်ဘုရား။

ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းနှင့်စပ်လျဉ်း၍ ဓမ္မပဒအဋ္ဌကထာ (၂၊ ၂၁၀) ၌-

> "အန္ဓဗာလာနဥ္စ နိန္ဒာ ဝါ ပသံသာ ဝါ အပ္ပမာဏာ၊
> ပဏ္ဍိတေန ပန မေဓာဝိနာ နိန္ဒိတော နိန္ဒိတော နာမ၊
> ပသံသိတော စ ပသံသိတော နာမ ဟောတိ"

ဟူ၍ ဖွင့်ဆိုထားပါသည်ဘုရား။ အဓိပ္ပာယ်မှာ မသိနားမလည်သူများ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းများသည် အလေးဂရုပြုလောက်သည့် လိုရင်းပမာဏမဟုတ်၊ ပညာရှိများ ကဲ့ရဲ့ခြင်းသည်သာ ကဲ့ရဲ့ခြင်းမည်ကြောင်း၊ ပညာရှိများ ချီးမွမ်းခြင်းသည်သာ ချီးမွမ်းခြင်းမည်ကြောင်း ဖွင့်ဆိုထားသော ဒေသနာတော်နှင့်အညီ လိုက်နာကျင့်သုံးတော်မူကြလျက် သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်တော်မူကြရမည် ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်သူမြတ်တို့ဘုရား-

တပည့်တော်တို့၏ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ကြီးသည် လွန်စွာကျယ်ဝန်းများပြားလှသော နိုင်ငံတော်တစ်ဝန်းလုံးရှိ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့် ဆက်စပ်နေသော ကိစ္စအဝဝတို့ကို ဖြေရှင်းဆောင်ရွက်နေရသော အဖွဲ့ကြီးဖြစ်ပါသည်ဘုရား။ ယင်းဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများနှင့် ဆက်စပ်နေသော ကိစ္စအဝဝတို့သည်လည်း နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ရဟန်း၊ ရှင်၊ လူ ပြည်သူများနှင့် ဆက်စပ်နေသောကိစ္စများဖြစ်ရကား တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယကဆရာတော်များသည် ရဟန်း၊ ရှင်၊ လူ ပြည်သူအများတို့ ချစ်ခင်ကြည်ညိုရိုသေလေးစား အားထားယုံကြည်မှုကို ခံယူရသောပုဂ္ဂိုလ်များဖြစ်မှသာ တပည့်တော်တို့ဆောင်ရွက်အပ်သော သာသနာ့ကိစ္စ အဝဝတို့ ချောမောအောင်မြင်နိုင်မည်ဖြစ်ပါသည်ဘုရား။

ဆရာတော်အရှင်မြတ်တို့ဘုရား-

မဟာကရုဏာတော်သခင် သဗ္ဗညုမြတ်စွာဘုရားရှင်သည် အင်္ဂုတ္တရနိကာယ်၊ သတ္တကနိပါတ်၊ ဒေဝတာဝဂ် ဒုတိယမိတ္တသုတ်ဒေသနာတော်၌-

> "သတ္တဟိ ဘိက္ခဝေ ဓမ္မေဟိသမန္နာဂတောဘိက္ခု
> မိတ္တော သေဝိတဗ္ဗော
> ဘဇိတဗ္ဗော ပယိရုပါသိတဗ္ဗော အပိ ပနုဇ္ဇမာနေနပိ"

အစရှိသည်ဖြင့် မိတ်ဆွေကောင်းဂုဏ်အင်္ဂါခုနစ်ပါးကို ဟောကြားတော်မူခဲ့ပါသည်ဘုရား။ ထိုဒေသနာတော်၏ အဓိပ္ပာယ် အကျဉ်းချုပ်မှာ-

၁။ သီတင်းသုံးဖော်တို့ချစ်မြတ်နိုးအပ်သော ပိယဂုဏ်၊
၂။ ရိုသေလေးစားထိုက်သော ဂရုဂုဏ်၊
၃။ ချီးမွမ်းထိုက်သော ဘာဝနီယဂုဏ်၊
၄။ ကျွမ်းကျင်လိမ္မာပါးနပ်စွာ ပြောဆိုတတ်သော ဝတ္တုဂုဏ်၊
၅။ ပြောဆို ဆုံးမမှုကို ခံနိုင်သော၊ ပြောဆိုဆုံးမ ဩဝါဒစကားကို လိုက်နာပြုကျင့်တတ်သော ဝစနက္ခမဂုဏ်၊
၆။ သိမ်မွေ့နက်နဲသောစကားကို ပြောဆိုသမှုပြုလုပ်တတ်သော ဂမ္ဘီရကထာဂုဏ်၊
၇။ စေခိုင်းတိုက်တွန်းသင့်သော အရာဌာနမဟုတ်သည့် အကျိုးမဲ့လုပ်ငန်းကိစ္စ၌ မစေခိုင်း၊ မတိုက်တွန်းတတ်သော နဋ္ဌာနနိယောဇကဂုဏ်။

ဤဂုဏ်ခုနစ်ပါးနှင့်ပြည့်စုံသော ရဟန်းကို ထိုရဟန်းတို့က မိမိကိုနှင်ထုတ်အပ်သော်လည်း မိတ်ဆွေဖြစ်အောင် မှီဝဲရမည်။ ဆည်းကပ်ရမည်။ ထပ်တလဲလဲ အမြဲမပြတ် ချဉ်းကပ်ရမည်ဟု ဆိုလိုပါသည်ဘုရား။

တပည့်တော်တို့ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်များသည် မြတ်စွာဗုဒ္ဓဟောပြတော်မူအပ်သည့် ဤမိတ်ဆွေကောင်း၏ ဂုဏ်အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံနေပါလျှင် တပည့်တော်တို့က မမှီဝဲအောင်၊ မဆည်းကပ်အောင် ထပ်တလဲလဲ အမြဲမပြတ် မချဉ်းကပ်အောင် နှင်ထုတ်တားမြစ်နေစေကာမူ ရဟန်းရှင်လူ ပြည်သူအများတို့က တပည့်တော်တို့ကို ချစ်ခင်ကြည်ညိုရိုသေလေးစား အားထားယုံကြည်စွာ မှီဝဲကြ၊ ဆည်းကပ်ကြ၊ ထပ်တလဲလဲ အမြဲမပြတ် ဆည်းကပ်ကြမည်သာဖြစ်ပါသည်ဘုရား။

ဤသို့ ရဟန်းရှင်လူ အများချစ်ခင်ကြည်ညိုရိုသေလေးစား အားထားယုံကြည်စွာ မှီဝဲကြ၊ ဆည်းကပ်ကြ၊ ထပ်တလဲလဲ အမြဲမပြတ် ချဉ်းကပ်မှီခိုနေကြလျှင် တပည့်တော်တို့ ဆောင်ရွက်အပ်သော သာသနာကိစ္စအဝဝတို့ ချောမောစွာ အောင်မြင်နိုင်မည်ဖြစ်ပါသည်ဘုရား။

ထို့ကြောင့် နိုင်ငံတော်သံဃမဟာနာယကဆရာတော် အရှင်မြတ်တို့သည် သီလ၊ သုတ၊ ပညာ သုံးဖြာသော တရားတို့ကို ဖြည့်ကျင့်ပွားများတော်မူကြ၍ ပိယ၊ ဂရု၊ ဘာဝနီယစသော ကလျာဏမိတ္တအင်္ဂါခုနစ်ဖြာတို့ ပြည့်စုံသူများဖြစ်တော်မူကြကာ ရဟန်းရှင်လူပြည်သူအများတို့ ချစ်ခင်ကြည်ညို ရိုသေလေးစား အားထားယုံကြည်စွာ မှီဝဲထိုက်သူ၊ ဆည်းကပ်ထိုက်သူ၊ ထပ်တလဲလဲ အမြဲမပြတ် ချဉ်းကပ်မှီခိုထိုက်သူ ကလျာဏ မိတ္တအစစ်ဖြစ်တော်မူအောင် ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူကြပါဟု လေးနက်စွာ တိုက်တွန်းလျက် တပည့်တော်၏ ဩဝါဒကို နိဂုံးချုပ် အပ်ပါသည် ဆရာတော်အရှင်မြတ်တို့ဘုရား။

☆**ရှေ့ဖုံးမှ**

ညွှန်ကြားရေးမှူးချုပ် ဦးခိုင်အောင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာသန့်ဇင်နိုင်နှင့် ပြည်နယ်နှင့်တိုင်းဒေသကြီး သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိဇ္ဇောဒယက ဆောင်ရွက်တော်မူသည်။

ရှေးဦးစွာ အခမ်းအနားမှူး ဆရာတော်က အစည်းအဝေးစတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်များ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေးထမြောက်အောင်မြင်ကြောင်း ကြေညာတော်မူသည်။

ထို့နောက် အစည်းအဝေးသဘာပတိဆရာတော်က အစည်းအဝေးဖွင့် သာရဏီယ ဩဝါဒကထာကို မြွက်ကြားတော်မူသည်။

(ဩဝါဒကထာကို အထက်တွင် ဖော်ပြထားပါသည်။)

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယင်းနောက် ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျအဖွဲ့ခွဲ၏ ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ ပညာနန္ဒက တင်သွင်းလျှောက်ထားသည်။

ဆက်လက်၍ ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာကို အဖွဲ့ဝင်ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားကြသည်။

ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒွါဒသမ အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်များက ဆဋ္ဌအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားသော ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာနှင့် ပညာရေးရာဆောင်ရွက်ချက်များအပေါ် ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး ပထမနေ့ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ အစည်းအဝေးကို နိုဝင်ဘာ ၂၈ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

ယနေ့ နေ့ဆွမ်းအလှူရှင်မှာ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဗီလာနေ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် (အငြိမ်းစား)-ဒေါက်တာ ဒေါ်တင်လင်းမြင့် မိသားစု ဖြစ်သည်။

(သတင်းစဉ်)

ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်

မြစ်ကြီးနား နိုဝင်ဘာ ၂၇

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြစ်ကြီးနားမြို့ အောင်စေရန်အောင် ဘုရားရှေ့လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းကို နိုဝင်ဘာ ၆ ရက်က အင်ဂျင်နီယာမှူး ဦးခင်မောင်မြင့် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်မော်မော်သန်း ရှင်းလင်းတင်ပြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ပလင်ပါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အော်ရီဂွန်ပြည်နယ် ခရစ္စမတ်မီးထွန်းပွဲတော်၌ ဆိုမာလီနိုင်ငံဖွား အမေရိကန်နိုင်ငံသား ဗုံးခွဲတိုက်ခိုက်ရန်ကြံစည်

ပို့သ်လန်း နိုဝင်ဘာ ၂၇

အမေရိကန်ပြည်ထောင်စု အော်ရီဂွန်ပြည်နယ် ပို့သ်လန်းမြို့၌ နိုဝင်ဘာ ၂၆ ရက်က ကျင်းပသော ခရစ္စမတ်သစ်ပင် မီးထွန်းပွဲတော်သို့ လာရောက်သူများအား ဗင်ကားတစ်စီးထဲ၌ ဖောက်ခွဲရေးပစ္စည်းများအပြည့် တင်ဆောင်ကာ ဖောက်ခွဲတိုက်ခိုက်ရန် ကြံစည်ခဲ့သော ဆိုမာလီနိုင်ငံဖွား လူငယ်တစ်ဦးကို လျှို့ဝှက်ထောက်လှမ်းရေးသမားများက အယုံသွင်း ဖမ်းဆီးနိုင်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

အတုများ

ခရစ္စမတ်သစ်ပင်မီးထွန်းပွဲတော်ကို ဖောက်ခွဲတိုက်ခိုက်ရေးအတွက် အသုံးပြုသည့် ဖောက်ခွဲရေးပစ္စည်းများမှာ ထောက်လှမ်းရေးသမားများက လှည့်ဖြားပေးအပ်ထားသော အတုများသာဖြစ်ခြင်းကြောင့် ပွဲတော်လာပရိသတ်များ မည်သည့်အန္တရာယ်မျှ မရှိခဲ့ကြောင်း သိရသည်။

အကြမ်းဖက်တိုက်ခိုက်ရန်ကြိုးပမ်းသော ဆိုမာလီနိုင်ငံဇာတိလူငယ်မှာ မိုဟာမက်အော့စမန် မိုဟာမွတ်ဆိုသူဖြစ်ပြီး အသက်(၁၉)နှစ်အရွယ် လူငယ်တစ်ဦးဖြစ်သည်။ ကားအတွင်းထားရှိသော ဖောက်ခွဲရေးပစ္စည်းများကို အချိန်ကိုက် ဖောက်ခွဲရန် လက်ကိုင်ဖုန်း တစ်လုံးကို မိုဟာမွတ်က အသုံးပြုခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။



အော်ရီဂွန်ပြည်နယ် ခရစ္စမတ်သစ်ပင် မီးထွန်းပွဲကို ဗုံးခွဲတိုက်ခိုက်ရန် ကြံစည်ခဲ့သော ဆိုမာလီဇာတိ အမေရိကန်နိုင်ငံသား မိုဟာမက်အော့စမန် မိုဟာမွတ်။

အမေရိကန်နိုင်ငံသားအဖြစ် ခံယူထားသူ မိုဟာမွတ်ကို လူအစုအပြုံလိုက် သေစေသည့် လက်နက်များ အသုံးပြုရန် ကြိုးပမ်းမှုဖြင့် နိုဝင်ဘာ ၂၉ ရက်တွင် တရားစွဲဆိုမည်ဖြစ်ကြောင်း သိရသည်။

သောကြာနေ့က ကျင်းပခဲ့သော ပို့သ်လန်းမြို့ တရားရုံးရင်ပြင် ခရစ္စမတ်သစ်ပင် မီးထွန်းပွဲတော်ကို ဗုံးခွဲတိုက်ခိုက်၍ တက်ရောက်သူ ပရိသတ်များကို သေကျေဒဏ်ရာရစေရန် ရည်ရွယ်ခဲ့ကြောင်း မိုဟာမွတ်က ဝန်ခံခဲ့သည်ဟု ဆိုသည်။

အေပီ။

ပါကစ္စတန်နိုင်ငံအတွင်း နိုင်ငံခြားသားများကို အကြမ်းဖက်တိုက်ခိုက်ရန် စီစဉ်နေဟုဆို

ပက်ရှ်ဝါ နိုဝင်ဘာ ၂၇

ပါကစ္စတန်နိုင်ငံအတွင်း နေထိုင်သည့် အထူးသဖြင့် အမေ ရိကန်၊ ဗြိတိန်နှင့် ဆော်ဒီအာရေဗျ နိုင်ငံသားများဖြစ်သော နိုင်ငံခြားသားများကို အကြမ်းဖက်သမားများက အကြမ်းဖက် တိုက်ခိုက်ရန် စီစဉ်လျက်ရှိကြောင်း တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများက နိုဝင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

နိုင်ငံတော်လုံခြုံရေး စီမံခန့်ခွဲမှုအဖွဲ့သည် ပါကစ္စတန်နိုင်ငံအတွင်း နိုင်ငံခြားသားများအား အကြမ်းဖက်တိုက်ခိုက်ရန် အကြမ်းဖက်သမားများက စီစဉ်နေခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင် ရာ လုံခြုံရေးအဖွဲ့အစည်းများထံ တင်ပြထားကြောင်း သည်နေး ရှင်းသတင်းစာက ရေးသားဖော်ပြသည်။

ပါကစ္စတန်နိုင်ငံ ခိုင်ဘာပထန်ခါဝါဒေသရှိ ရေလွှမ်းမိုးလျက်ရှိရာ နယ်မြေများ၌ အလုပ်လုပ်ကိုင်နေကြသော နိုင်ငံခြားသားများကိုလည်းကောင်း၊ အမေရိကန်၊ ဗြိတိန်၊ ဆော်ဒီအာရေဗျနှင့် အီရန်နိုင်ငံတို့မှ သံတမန်များနှင့် ကောင်စစ်ဝန်ရုံးဝန်ထမ်းများကိုလည်းကောင်း အကြမ်းဖက်သမားများက ပစ်မှတ်ထားမည်ဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

ပါကစ္စတန်အစိုးရသည် နိုင်ငံခြားသားများ လုံခြုံရေးအတွက် အစီအစဉ်များ ရေးဆွဲချမှတ်ဆောင်ရွက်ရန် နိုင်ငံတော် လုံခြုံရေးစီမံခန့်ခွဲရေးအဖွဲ့က တိုက်တွန်းထားသည်။

အင်တာနက်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့ဝင်အဖြစ် အိန္ဒိယနိုင်ငံပါဝင်ခွင့်ရရေး ဆီးရီးယားထောက်ခံ

ဒမတ်စကတ် နိုဝင်ဘာ ၂၇

ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ပြုပြင်ပြောင်းလဲသည့်အခါ ယင်းကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင် နိုင်ငံအဖြစ် ပါဝင်ရန် မိမိ၏နိုင်ငံက ထောက်ခံကြောင်း ဆီးရီးယားသမ္မတ ဘရှားအယ်လ်အာဆတ်က နိုဝင်ဘာ ၂၇ ရက်တွင် ပြောကြားသည်။

ဆီးရီးယားသမ္မတ အာဆတ်သည် မြို့တော်ဒမတ်စကတ်၌ အိန္ဒိယသမ္မတ ပရာတီဘာပါတီးလ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။

မည်သည့် ပုံစံမျိုးဖြင့်မဆို ကျူးလွန်သည့် အကြမ်းဖက်မှုများကို ဆီးရီးယားနိုင်ငံက ရှုတ်ချကြောင်း သမ္မတအာဆတ်က ပြောကြားသည်။

ရည်ညွှန်းပြောဆို

အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့၌ အကြမ်းဖက်တိုက်ခိုက်ခဲ့မှု နှစ်နှစ်ပြည့်မြောက်သည့် နှစ်ပတ်လည်နေ့မှာ နိုဝင်ဘာ ၂၆ ရက်တွင် ကျရောက်ပြီး ယင်းအကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ်ကို သမ္မတအာဆတ်က ရည်ညွှန်းပြောဆိုခဲ့သည်။

အိန္ဒိယနိုင်ငံက ဆီးရီးယားနိုင်ငံသို့ ဒေါ်လာသန်း ၁၀၀ ချေးငှားမည့် အစီအစဉ်တစ်ရပ်ကို သမ္မတပါတီးလ်က ထုတ်ဖော်ကြေညာသည်။

ဆီးရီးယားနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းများ၌ အိန္ဒိယကုမ္ပဏီများ ပါဝင်လုပ်ကိုင်ခွင့်ရရှိရေးအတွက် သမ္မတပါတီးလ်က ဆွေးနွေးခဲ့သည်။

သမ္မတပါတီးလ်သည် သမ္မတအာဆတ်၏ ဖိတ်ကြားချက်အရ ဆီးရီးယားနိုင်ငံသို့ ရောက်ရှိနေသည်။ သမ္မတအာဆတ်သည် ၂၀၀၈ ခုနှစ်က အိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့သည်။

အင်တာနက်။

ရီယိုဒီဂျနေးရိုး ဒုစရိုက်ကျူးကျော်ရပ်ကွက်တစ်ခုကို ထပ်မံရှင်းလင်းရန် ဘရာဇီးတပ်ဖွဲ့ဝင်များ ပြင်ဆင်

ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၇ - စစ်သည်တင် သံချပ်ကာယာဉ်များကို နောက်ခံပြု၍ ဘရာဇီးစစ်ဘက်နှင့် ရဲတပ်ဖွဲ့ဝင်များသည် ရီယိုဒီဂျနေးရိုးမြို့တော်အတွင်းရှိ လက်နက်ကိုင် မူးယစ်မှောင်ခိုဂိုဏ်းသားများ အခိုင်အမာ နေရာယူထားသော ကျူးကျော်ရပ်ကွက်တစ်ခုအတွင်း ထိုးစစ်တစ်ရပ် ထပ်မံဆင်နွှဲရန် ယနေ့ ပြင်ဆင်လျက်ရှိကြောင်း **(အောက်ပုံ)** သတင်းများတွင် ဖော်ပြသည်။

မူးယစ်ဂိုဏ်းများ ကြီးစိုးရာ ကျူးကျော်ရပ်ကွက်တစ်ခုဖြစ်သော အေလီမိုကျူးကျော်ရပ်ကွက်ကို ၂၀၁၆ ကမ္ဘာ့အိုလံပစ်အားကစားပွဲတော်အား အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် စီစဉ်ထားသော ရီယိုဒီဂျနေးရိုးမြို့တော်၏ အန္တရာယ်အရှိဆုံး ဒေသတစ်ခုအဖြစ် သတ်မှတ်ထားသည်။

ဘရာဇီးတပ်ဖွဲ့ဝင်များ၊ အထူးရဲတပ်ဖွဲ့ဝင်များသည် အေလီမို ကျူးကျော်ရပ်ကွက်အတွင်း ဝင်ရောက်နိုင်သည့် နေရာများ၌ အသင့်အနေအထား ပြင်ဆင်ထားကြောင်း သတင်း၌ ဖော်ပြသည်။ ဒေသခံများက “ဂါဇာကမ်းမြောင်”ဟုခေါ်သည့် အဆိုပါကျူးကျော်ရပ်ကွက်သည် ရီယိုဒီဂျနေးရိုးမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ သွားရောက်နိုင်သည့် အဝေးပြေးလမ်းမ၏ အနီးတွင် တည်ရှိပြီး လူဦးရေ ၈၅၀၀၀ နေထိုင်သည်။

မူးယစ်မှောင်ခိုသမားများ လုပ်ဆောင်ခဲ့သည်ဟုဆိုသော အကြမ်းဖက်မှုများကြောင့် မော်တော်ယာဉ် အစီး ၁၀၀ နီးပါး မီးရှို့ဖျက်ဆီးခံခဲ့ရပြီး အနည်းဆုံး လူ ၃၅ ဦး သေဆုံးခဲ့ရပြီးနောက် ရီယိုဒီဂျနေးရိုးမြို့တော်ရှိ ဒုစရိုက်ကျူးကျော်ရပ်ကွက်များကို ရှင်းလင်းရန် ဘရာဇီးအာဏာပိုင်များက ဆုံးဖြတ်ခဲ့သည်။ **အေပီ။**

တောင်အာဖရိကတွင် မိုးကြိုးပစ်၍ ခုနစ်ဦး သေဆုံး

ဂျိုဟန်နက်စဘတ် နိုဝင်ဘာ ၂၇

တောင်အာဖရိကနိုင်ငံ ကွာဇူးလူးနာတယ်ပြည်နယ်ရှိ ကလေးထိန်းကျောင်းတစ်ကျောင်း၌ ခရစ်စမတ်အကြို ပျော်ပွဲရွှင်ပွဲတစ်ရပ် ကျင်းပနေစဉ် လေမုန်တိုင်းတိုက်၍ မိုးကြိုးပစ်သဖြင့် လူခုနစ်ဦးသေဆုံးပြီး ၆၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တောင်အာဖရိကသတင်းဌာန ဆာပါက စနေနေ့တွင် ဖော်ပြသည်။

ရုတ်တရက် မိုးတိမ်များတက်လာပြီးနောက် မုန်တိုင်းစတင်တိုက်ခတ်ကြောင်း၊ ပျော်ပွဲရွှင်ပွဲကျင်းပရာမဏ္ဍပ်ကို မိုးကြိုးပစ်ခဲ့၍ ငါးဦးမှာ နေရာ၌ပင် သေဆုံး၍ နှစ်ဦးမှာ ဆေးရုံတွင် သေဆုံးခဲ့ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ် ကာကွယ်ရေးအဖွဲ့ အကြီးအကဲကပြောသည်။

ကွာဇူးလူးနာတယ်ပြည်နယ်ရှိ ကျေးရွာတစ်ရွာ၏ ကျောင်း ဥပစာရှေ့မဏ္ဍပ်အတွင်း ခရစ်စမတ်အကြိုပွဲတော် ကျင်းပရန် ကလေးများနှင့် ၎င်းတို့၏မိဘများ စုဝေးရောက်ရှိချိန်၌ အဆိုပါဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အေအက်ဖ်ပီ။

အမေရိကန်တပ်ဖွဲ့များ ၂၀၁၁ခုနှစ်ထက် ပိုနေရန် မလိုအပ်ဟု အီရတ်ဝန်ကြီးချုပ်ပြောကြား

ဘဂ္ဂဒက် နိုဝင်ဘာ ၂၇

အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် နိုင်ငံ၏လုံခြုံရေးကို ကာကွယ်စောင့်ရှောက်နိုင်စွမ်းရှိသဖြင့် ၂၀၁၁ ခုနှစ်ကုန်တွင် အမေရိကန်တပ်ဖွဲ့များထွက်ခွာရမည့် သဘောတူညီမှုကို ပြောင်းလဲရန်မလိုအပ်ကြောင်း အီရတ်ဝန်ကြီးချုပ်က ပြောကြားသည်။

အစိုးရသစ်ဖွဲ့စည်းရန် တာဝန်ပေးအပ်ခြင်းခံရပြီးနောက် ဝန်ကြီးချုပ် နူရီအယ်လ်မာလီကီက ၎င်းသဘောထားကို သတင်းထောက်များအား စနေနေ့တွင် ပြောကြားခဲ့ခြင်းဖြစ်သည်။

ထွက်ခွာရမည်

အီရတ်နှင့် အမေရိကန်အစိုးရတို့၏ သဘောတူညီချက်အရ အမေရိကန်တပ်ဖွဲ့ဝင်အားလုံးတို့သည် ၂၀၁၁ခုနှစ် နှစ်ကုန်ပိုင်းတွင် နိုင်ငံမှထွက်ခွာသွားကြရမည်ဖြစ်သည်။ လက်ရှိအနေအထား၌ အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင် ၅၀၀၀၀ ခန့် ရှိနေသေးသည်။

အီရတ်အစိုးရက ၎င်းတို့ကို ဆက်လက်နေပေးရန် မေတ္တာရပ်ခံခဲ့သော် စဉ်းစားမည်ဖြစ်သော်လည်း သဘောတူညီချက်ကို လိုက်နာမည်ဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားသည်။ **အေပီ။**

ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တာလီဘန်ခေါင်းဆောင်အတု တက်ရောက်ရန် ဗြိတိန်ထောက်လှမ်းရေးစီစဉ်ခဲ့

လန်ဒန် နိုဝင်ဘာ ၂၇ - အာဖဂန်အစိုးရအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်ရာတွင် တာလီဘန်ထိပ်တန်း တာဝန်ရှိသူတစ်ဦးအဖြစ် အယောင်ဆောင်သူတစ်ဦးကို ထည့်သွင်းခဲ့ခြင်းနှင့် ပတ်သက်၍ အာဖဂန်နစ္စတန်အစိုးရ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဗြိတိန်ထောက်လှမ်းရေးအဖွဲ့အစည်းကို အပြစ်ဆိုခဲ့ကြောင်း နိုဝင်ဘာ ၂၆ ရက် သတင်းများတွင် ဖော်ပြသည်။

အာဖဂန်အစိုးရအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တာလီဘန်အဖွဲ့ကို ကိုယ်စားပြုတက်ရောက်ခဲ့သူသည် ယခင်က တာလီဘန်အစိုးရအဖွဲ့ဝန်ကြီးဟောင်း မူလာအက်ခ်တာမိုဟာမက် မင်ဆောအဖြစ် အယောင်ဆောင်ထားသူဖြစ်ကြောင်း အမေရိကန်နှင့် ဗြိတိန်နိုင်ငံထုတ် သတင်းစာများတွင် ထုတ်ဖော်ထားသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ၌ ပါဝင်ခဲ့သူမှာ တာလီဘန်ခေါင်းဆောင်တစ်ဦးဖြစ်သူ မင်ဆောမဟုတ်ကြောင်း၊ ၎င်းသည် ပါကစ္စတန်နိုင်ငံ ကွက်တားမြို့မှ ဈေးသည်တစ်ဦးသာဖြစ်ကြောင်း အာဖဂန်ထောက်လှမ်းရေးအဖွဲ့က သိရှိခဲ့သည်ဟု အာဖဂန်သမ္မတဟာမစ်ကာဇိုင်း၏ ရုံးအဖွဲ့အကြီးအကဲ၏အဆိုကို ကိုးကား၍ သတင်းစာများတွင် ဖော်ပြထားသည်။

ဗြိတိန်နိုင်ငံ ပြည်ပထောက်လှမ်းရေးအဖွဲ့ အမ်အိုင်-၆ သည် တာလီဘန်ခေါင်းဆောင်အဖြစ် ဟန်ဆောင်၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သူအား ပေါင်စတာလင်သိန်းနှင့်ချီ၍ ပေးကမ်းခဲ့ကြောင်း လန်ဒန်တိုင်းမ်သတင်းစာက ဖော်ပြထားသည်။ သို့ရာတွင် ဗြိတိန်ဝန်ကြီးချုပ်ရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့က အာဖဂန်သမ္မတ၏ ရုံးအဖွဲ့အကြီးအကဲနှင့် သတင်းစာများ၌ပါသော စွပ်စွဲချက်နှစ်ရပ်လုံးကို ငြင်းပယ်ခဲ့သည်။

အေပီ။

ဗြိတိန်နိုင်ငံ ထောက်လှမ်းရေးအဖွဲ့ အမ်အိုင်-၆ အဆောက်အအုံ။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ (မြောင်းတကာ) စက်ရုံပင်မထိန်းချုပ်ရေးစခန်း (Control Room) ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မော်ဘီမြို့နယ်ရှိ အမှတ်(၄)ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း ဝန်ကြီး ဦးလွန်းသီ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၂၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်ရှိ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်း (မြောင်းတကာ)လုပ်ငန်းခွင်သို့ ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်၌ စက်ရုံတည်ဆောက်ရေးစီမံကိန်း ဒါရိုက်တာက Ammonia နှင့် Urea Plant များ၏ စမ်းသပ်လည်ပတ်နေမှု အခြေအနေ၊ Asia World၊ HQCEC နှင့် CHINA II ကုမ္ပဏီများမှ တာဝန်ခံများက စက်များတပ်ဆင်ပြီးစီး စမ်းသပ်လည်ပတ်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး မြန်မာ့ရေနံနှင့် ဓာတုဗေဒလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက စက်ရုံ၏ စက်တပ်ဆင်မှု အပိုင်းများအားလုံး ပြီးစီး၍ Precommission, Commissioning အဆင့်များ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် Ammonia နှင့် Urea များ စမ်းသပ်ထုတ်လုပ်နေသည့်အဆင့်ကို ဆောင်ရွက်နေသည့်ကာလဖြစ်ရာ တာဝန်ရှိသူများအားလုံးက နည်းစနစ်တိကျစွာဖြင့် သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ Specification မှန်ကန်သည့် ဓာတ်မြေသြဇာများထွက်ရှိရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ရှေ့ဆောင်ရွက်ရမည့် အစီအစဉ်များကို အသေးစိတ်ချမှတ်ပေးသည်။

ထို့နောက် ဝန်ကြီးသည် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသော ပြည်ပပညာရှင်များအား သစ်သီးခြင်းလက်ဆောင်များပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ တည်ဆောက်ရေးစီမံကိန်းဝင်းအတွင်းရှိ Prilling Tower Transport Station သို့ ရောက်ရှိကာ Urea ဓာတ်မြေသြဇာများ စမ်းသပ်ထုတ်လုပ်နေမှု အခြေအနေကိုလည်းကောင်း၊ Bagging Unit ရှိ ဓာတ်မြေသြဇာ အိတ်သွတ်ထုပ်ပိုးနေမှု အခြေအနေကို လည်းကောင်း၊ စက်ရုံပင်မထိန်းချုပ်ရေးအခန်းသို့ ရောက်ရှိပြီး Ammonia နှင့် Urea ထုတ်လုပ်သည့် စက်များကို DCS (Distributed Control System) စနစ်ဖြင့် ထိန်းချုပ်နေမှု အခြေအနေကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညွှန်ကြားပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၇

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယား (H.E. Mr. Vijay Nambir) နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဌာနေညှိနှိုင်းရေးမှူး Mr. Bishow B. Parajuli နှင့် အဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်ရုံးသို့ သွားရောက်၍ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံကြသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်သို့ သွားရောက်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့်လည်းကောင်း၊ ဖျက်သိမ်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးတင်ဦး၊ ဦးဝင်းတင်၊ ဦးသန်းထွန်း၊ ဦးညွန့်ဝေ၊ ဦးလှဖေ၊ ဦးအုန်းကြိုင်၊ ဦးဟံသာမြင့်၊ ဦးဝင်းမြင့်၊ ဒေါက်တာဒေါ်မေဝင်းမြင့်တို့နှင့် လည်းကောင်း၊ ဦးအေးသာအောင်၊ ဦးထောင်ခိုထန်း၊ ဦးပုကျော့ရှင်းထန်၊ ဦးနိုင်ထွန်းသိန်းတို့နှင့် လည်းကောင်း တွေ့ဆုံကြသည်။

ဆက်လက်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ဝင်များသည် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ရုံးသို့ သွားရောက်၍ ဒီမိုကရက်တစ်ပါတီ(မြန်မာ) ဥက္ကဋ္ဌ ဦးသုဝေနှင့် အဖွဲ့ဝင်များနှင့် လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီ ဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်းနှင့် အဖွဲ့ဝင်များနှင့်လည်းကောင်း တွေ့ဆုံသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် တွေ့ဆုံသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ဝင်များအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေ နမ်ဘီးယားနှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၁-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄	၃။	နိုင်ငံတော်သီချင်း
၇း၀၅	၄။	တရားတော်
၇း၁၅	၅။	ဓမ္မပူဇာတေး
၇း၂၀	၆။	မျိုးချစ်တပ်မတော်
၇း၂၅	၇။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၈။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၂။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၃။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၄။	ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	မြဝတီအဖွင့်
၁၁း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၁၁း၀၄	၃။	နိုင်ငံတော်သီချင်း
၁၁း၀၅	၄။	အဖွင့်သီချင်း
၁၁း၁၀	၅။	မျိုးချစ်တပ်မတော်
၁၁း၃၀	၆။	**ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၈)**
၁၂း၂၅	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -စာမျက်နှာ ၁၉၈**
၁၂း၃၀	၈။	ကျန်းမာသုတ
၂း၀၀	၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၁၉)**
၂း၅၀	၁၀။	အပိတ်နှုတ်ဆက်စကား
၂း၅၅	၁၁။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၃	၂။	အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄	၃။	နိုင်ငံတော်သီချင်း
၄း၀၅	၄။	အဖွင့်သီချင်း
၄း၁၀	၅။	မျိုးချစ်တပ်မတော်
၄း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၄း၃၅	၇။	မြန်မာ့ရှုခင်း
၄း၄၅	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀	၉။	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၂။	ဘဝကြေးမုံ -စတင်ရန်ခက်ပါရဲ့ (မင်းဦး၊ ဆုပန်ထွာနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀	၁၃။	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၁၂)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	ပဟေဠိနန်းတော်
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၂၀)**
	၂၂။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၆)**
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ် (၄၆) ထွက်ရှိ

ရန်ကုန် နိုဝင်ဘာ ၂၇

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆) အမှတ်(၄၆)၌ ဂျူမုံ၊ လီဟာနား မြန်မာပရိသတ်များနှင့် တွေ့ဆုံသည့် သတင်းဓာတ်ပုံများ ဝေဝေဆာဆာပါသည့် အထူးအချပ်ပိုနှင့်အတူ ဆိုလာစနစ်သုံး သန့်လျင်ကြယ်စင် အိမ်ရာစီမံကိန်းလာပြီ၊ ဂျီအက်စ်အမ်ငါးသိန်းဖုန်းလိုင်း တစ်သိန်းခွဲကျော် ထပ်ချပေးမည်၊ ဗီယက်နမ်က မြန်မာတွင် ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းအပါအဝင် ကဏ္ဍများစွာတွင် ရင်းနှီးမြှုပ်နှံလို၊ မြန်မာ-တရုတ်ချိတ်ဆက်မည့် မိုင် ၁၂၀၀ ရှိ မြန်နှုန်းမြင့် မီးရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ဆွေးနွေးမည်၊ မြန်မာကန်မည့် ဗီယက်နမ်ဆူဇူကီး ဖလားဘောလုံးပွဲ MRTV မှ တိုက်ရိုက်ပြမည်၊ ရွေးကောက်ပွဲကြောင့် လင်မယားချင်းကွဲစသည့် ပြည်တွင်းရေးရာသတင်းများ၊ ချစ်စံဝင်း၏ "ဓမ္မစေတီခေါင်းလောင်းတော်ကြီး(၉)"၊ တံတားသို့မဟုတ် အိမ်စောင့်ခွေး၊ အမျိုးသားနေ့ ရွှေရတုသဘင် သတင်းယူခဲ့စဉ်က၊ ညီမလေးရယ် စိုးရိမ်တယ်. . . မလေးရှားမှာကွယ်. . .၊ သူတစ်ပါးကို ဝေဖန်ခြင်းမှသည် မိမိကိုယ်ကို ဝေဖန်ခြင်းသို့၊ Political Talk ကဲ့သို့သော ဖတ်စရာ မှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

"အယ်လ်ခိုင်ဒါတွေကို လျှော့တွက်လို့မရဘူး" အကြမ်းဖက်ဝါဒကျွမ်းကျင်သူ ဘရူရီဒယ်နှင့် စပီဂျဲလ်မဂ္ဂဇင်းတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ၏ ပျော်ပွဲရွှင်ပွဲ ပွဲတော်တစ်ခုမှာ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်နှင့် တွေ့ကြုံဆော်ဒီတွင် အင်ဒိုနီးရှားအိမ်ဖော်နှိပ်စက်ခံရမှု အင်ဒိုနီးရှားဝန်ကြီး သွားရောက်ကြည့်ရှုမည်၊ သမ္မတအကျော်နိုက်သူ၏ချစ်သူသစ်နှင့်ပတ်သက်၍ လူသိရှင်ကြား ထုတ်ဖော်ပြောကြား၊ ဂျပ်စတင်ဘီဘာက အမေရိကန်တေးဂီတဆုများကို သိမ်းကျုံးရယူ၊ စားပြီးငွေမရှင်းဘဲ ထွက်ထွက်ပြေးတဲ့ လန်ဒန်က ရုပ်ရှင်ဒါရိုက်တာ၊ သူခိုးဖမ်းပေးတဲ့ ဆယ်နှစ်သား၊ တရုတ်တွင် စားသောက်ကုန်ဈေးနှုန်းမြင့်တက်သောကြောင့် အမေရိကန် အပြစ်တင်ခံရ၊ ထပ်ရှည်ချင်သေးတဲ့ ကိုလူရှည်၊ ဟီလာရီကလင်တန်က ၂၀၁၂ သမ္မတရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် စိတ်မဝင်စားဟုဆို၊ အိုဘားမားနှင့် အာရှခရီးစဉ် စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာပြည် တစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေဖြစ်နိုင်မည့် ဘက်စုံရေသယံဇာတစီမံခန့်ခွဲမှု၊ ရေနှင့်စပ်လျဉ်းသည့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးကို ဦးတည်သော သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

ရာသီဥတုပြောင်းလဲလာမှုနှင့် လိုက်လျောညီထွေဖြစ်နိုင်မည့် ဘက်စုံရေသယံဇာတ စီမံခန့်ခွဲမှု၊ ရေနှင့် စပ်လျဉ်းသည့် သဘာဝဘေးအန္တရာယ်လျော့ပါးရေးကို ဦးတည်သော သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ ဆွေးနွေးပွဲ (Forum on Integrated Water Resources Management (IWRM) for Adaptative Measures of Climate Change and Managing Environment with Water Related Disaster Risk Reduction)ကို ဒီဇင်ဘာ ၃ ရက်တွင် Micasa Hotel ရန်ကုန်မြို့၌ ဆည်မြောင်းဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရေသယံဇာတမိတ်ဖက်အဖွဲ့အစည်း (ကြားကာလ)တို့ ပူးပေါင်းကျင်းပသွားမည်ဖြစ်သည်။

ယင်းဆွေးနွေးပွဲတွင် ဆွေးနွေးပွဲခေါင်းစဉ်ပါ အကြောင်းအရာများနှင့် စပ်လျဉ်းသော စာတမ်းများကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်းကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်ပါဝင်ဆွေးနွေး နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ တက်ရောက်လိုသူများသည် ဖုန်း-၀၁-၅၇၈၁၂၆နှင့် ၀၉-၅၄၂၅၅၅၂ တို့သို့ ကြိုတင်စာရင်းပေးသွင်းအကြောင်းကြားနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးစပါးအထွက်နှုန်း မှန်ကန်ရေး မြင်းမူ၌စံကွက်ရိတ်သိမ်း

ရန်ကုန် နိုဝင်ဘာ ၂၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်) မှ ညွှန်ကြားရေးမှူး (ကြေးတိုင်နှင့် စီမံကိန်း) ဦးမြင့်ဆွေသည် စစ်ကိုင်းတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးနိုင်အောင်၊ မြို့နယ်ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဝန်ထမ်းများနှင့်အတူ နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် မြင်းမူမြို့နယ် ပျောရွာကျေးရွာအုပ်စု ကွင်းအမှတ်(၃၆၅) ဦးပိုင်အမှတ်(N-2) ရှိ တောင်သူ ဦးအေးကျော်၏ မနောသုခစပါးမျိုးအား မိုးစပါးအထွက်နှုန်း မှန်ကန်ရေးအတွက် စံကွက်ရိတ်သိမ်းကြရာ တစ်ဧက ၉၄ ဒသမ ၃၃ (အစို)တင်းထွက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြှတ်နိုးလေးစား တန်ဖိုးထားရမည့် အမျိုးသားနေ့

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတွင် မိမိတို့အမျိုးသားရေးအရ မြတ်နိုးလေးစားတန်ဖိုးထားအပ်သော နေ့ထူးနေ့မြတ်များ ရှိကြသည်။ မြန်မာတို့၏ အမျိုးသားရေးအရ မြတ်နိုးလေးစားတန်ဖိုးထားအပ်သည့် ရက်များစွာအနက် အမျိုးသားနေ့မှာ တစ်ရက်အပါအဝင်ဖြစ်သည်။

ဗြိတိသျှနယ်ချဲ့တို့သည် ကျူးကျော်စစ်ပွဲသုံးကြိမ်ဖန်တီး၍ မြန်မာတစ်နိုင်ငံလုံးအား မတရားသိမ်းပိုက်ခဲ့သည်။ ၁၈၂၄ ခုနှစ်တွင် ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲဖြစ်ပွားခဲ့ပြီး ရန္တပိုစာချုပ်ဖြင့် မြန်မာတို့က အင်္ဂလိပ်တို့အား ရခိုင်နှင့်တနင်္သာရီနယ်တို့ကို ပေးအပ်လိုက်ရသည်။ ၁၈၅၂ ခုနှစ်တွင် ဒုတိယစစ်ပွဲဖြစ်ပွားခဲ့ပြီး ပြည်မြို့နယ်နှင့် ပဲခူးနယ်အထိဖြစ်သော အောက်မြန်မာပြည်အား အင်္ဂလိပ်တို့က သိမ်းပိုက်ခဲ့ပြန်သည်။ ၁၈၈၅ ခုနှစ်တွင် ဖြစ်သော တတိယစစ်ပွဲအပြီး၌မူ နယ်ချဲ့တို့က မြန်မာပြည်တစ်ပြည်လုံးအား သိမ်းပိုက်မိသွားလေတော့သည်။

နယ်ချဲ့ဗြိတိသျှလက်တွင်းသို့ မြန်မာနိုင်ငံသက်ဆင်းရပြီးနောက် မြန်မာလူထုသည် လက်နက်စွဲကိုင်၍တစ်နည်း၊ စည်းဝေးပွဲများအကြိမ်ကြိမ် ပြုလုပ်၍တစ်မျိုး၊ မြန်မာကိုယ်စားလှယ်များကို ဗြိတိသျှကိုယ်စားလှယ်များနှင့် ဆွေးနွေးအရေးဆိုရန် စေလွှတ်၍တစ်ဖုံ၊ နည်းမျိုးစုံဖြင့် လွတ်လပ်ရေးအတွက် တောင်းဆိုခဲ့ကြသည်။ ထိထိရောက်ရောက်ကား မရှိခဲ့သေးပေ။ တကယ်ထိရောက်ခဲ့သည်မှာ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် ပေါ်ပေါက်ခဲ့သော တော်လှန်ရေးကြီးပင်ဖြစ်သည်။

အင်္ဂလိပ်နယ်ချဲ့တို့၏ ကိုလိုနီပညာရေးသည် ၁၉၂၀ ပြည့်နှစ်အထိ ယင်းတို့အတွက် အခိုင်းအစေခံ၊ ကျိုးနွံသော မြန်မာလူငယ်များကို မွေးထုတ်ပေးသည့် ကျွန်ပညာရေးစနစ်သာဖြစ်သည်။ ခေတ်အလိုက် အမြင့်ဆုံးပညာသင်ကြားရာဖြစ်သော ယူနီဗာစတီခေါ် တက္ကသိုလ်ကျောင်းပင် မရှိသေးပေ။ ရန်ကုန်မြို့၌ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်(ယုဒသန်)ကောလိပ်တို့သာရှိသည်။ ယင်းတို့မှာလည်း ကာလကတ္တားယူနီဗာစီတီ၏လက်အောက်ခံ ကျောင်းခွဲမျှသာဖြစ်သည်။ ကာလကတ္တားယူနီဗာစီတီမှချမှတ်ပေးသော သင်ရိုးညွှန်းတမ်းများအတိုင်းသာသင်ရသည်။ စာမေးပွဲများကိုလည်း ယင်းတက္ကသိုလ်မှပင် ဦးစီးစီမံပြုလုပ်ပေးသည်။ ကာလကတ္တားတွင် မေးခွန်းထုတ်၍ ရန်ကုန်တွင် ဖြေကြရသည်။ မြန်မာကျောင်းသား လူငယ်ထုအများစုမှာ လက်လှမ်းမမီကြ၊ နေရှင်၊ မြေရှင်နှင့် လူချမ်းသာ အရာရှိအရာခံများ၏ သားသမီးများအတွက်သာ ဖြစ်စေရန်ဖန်တီးထားသော ပညာရေးစနစ်ပင်ဖြစ်သည်။ နယ်ချဲ့အရင်းရှင်နှင့် ယင်းတို့၏ နောက်တော်ပါလူတစ်စု ကောင်းစားရေးကိုသာ ရှေးရှုသော ပညာရေးဖြစ်သည်။

ဝိုင်အမ်ဘီအေက မြန်မာပြည်တွင် သီးခြားတက္ကသိုလ်ရှိရမည်ဟု အကြိမ်ပေါင်းများစွာ လှုံ့ဆော်ခြင်း၊ ကြွေးကြော်ခြင်း၊ တိုက်တွန်းခြင်းများ ပြုလုပ်ခဲ့သည်။ မြန်မာအစိုးရသည် ပညာရေးမင်းကြီး မစ္စတာ မက်သယူးဟန်းတား ဦးစီးသည့် အဖွဲ့ဝင် ၃၀ခန့် ပါရှိသော ယူနီဗာစီတီအက်ဥပဒေ ရေးဆွဲရေးကျွမ်းကျင်ကော်မတီတစ်ရပ်ကို ၁၉၁၈ ခုနှစ် ဇွန်လတွင် ဖွဲ့စည်းခဲ့သည်။ ယင်းကော်မတီဝင်အများစုက လက်တွေ့မပါ စာပေပညာဆန်သည့် ဘာသာရပ်များကို အဓိကထားပြီး တစ်ခုတည်းသောကောလိပ်ပါဝင်သည့် သိပ္ပံယူနီဗာစီတီတည်ဆောက်ရန် တက္ကသိုလ်ဥပဒေတစ်ရပ်ကိုရေးဆွဲ၍ ၁၉၂၀ ပြည့်နှစ် စက်တင်ဘာလတွင် တင်သွင်းခဲ့သည်။

ထိုဥပဒေကြမ်းတွင် (၁) မြန်မာပြည်တွင် တက္ကသိုလ်တစ်ခုတည်းသာ ရှိရမည်။ (၂) ကောလိပ်ကျောင်း၌ ပညာသင်ကြားလိုသူများသည် ကျောင်းအိပ်ကျောင်းစားဖြစ်ရမည်။ (၃) တက္ကသိုလ်ဝင်စာမေးပွဲ မထားရှိတော့ဘဲ အစိုးရကပြုလုပ်သော ဟိုက်စကူးဖိုင်နယ်ခေါ် ဆယ်တန်းစာမေးပွဲကို အောင်မြင်ရမည်။ (၄) အင်္ဂလိပ်နှင့် အခြားဘာသာရပ်တစ်ခုခုတွင် ထူးချွန်စွာ တတ်မြောက်အောင်မြင်မှ တက္ကသိုလ်ဝင်ခွင့်ရမည်။ (၅) ဂုဏ်ထူးနှင့် ဝိဇ္ဇာဘွဲ့တန်းတွင် တစ်ခါဖြေဆို၍ မအောင်မြင်ပါက နောက်နောင်ဖြေဆိုခွင့်မပြု။ (၆) တက္ကသိုလ်ဝင်ခွင့်ရရှိပါကလည်း တက္ကသိုလ်ပညာရပ်များကို တစ်ခါတည်းစ၍ မသင်ရသေးဘဲ တက္ကသိုလ်ပြင်ဆင်ခွင့်အတန်းတွင် တစ်နှစ်နေရမည်။ (၇) ပြင်ဆင်ခွင့်အတန်းတွင် တစ်နှစ်နေပြီးသော်လည်း တက္ကသိုလ်ပညာရပ်များကို မလိုက်နိုင်သေးဟု သတ်မှတ်ခံရလျှင် တက္ကသိုလ်ပညာရပ်များကို ဆက်လက်သင်ယူခွင့်ရဦးမည်မဟုတ် စသော လက်မခံနိုင်သည့် အချက်အလက်များပါဝင်ရာ ယင်းအချက်အလက်များကို ကောလိပ်ကျောင်းသားများ၊ သတင်းစာများနှင့် ဂျီစီဘီအေ နယ်ဒေသအစည်းအဝေးများကပါ ဝိုင်းဝန်းကန့်ကွက်ခဲ့ကြသည်။

မည်သို့ပင် ဝိုင်းဝန်းကန့်ကွက်ခဲ့ကြသော်လည်း မြန်မာပြည်ဘုရင်ခံဆာရက်ဂျီနယ်ကရက်ဒေါက်က မြန်မာများသည် ပညာရေးအကြောင်း နားမလည်ဟုဆိုကာ တောင်းဆိုချက်များကို လျစ်လျူရှုခဲ့ပြီး ထိုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ တက္ကသိုလ်အက်ဥပဒေကို အတည်ပြုကြောင်း ကြေညာလိုက်သည်။ ဒီဇင်ဘာလ ၂ ရက်နေ့တွင် ကောလိပ်ကျောင်းသား ခေါင်းဆောင်များသည် တိုင်ပင်ဆွေးနွေး၍ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို ကန့်ကွက်သည့်အနေဖြင့် ကောလိပ်နှစ်ခုလုံးက အရေးဆိုရန် ဆုံးဖြတ်ကြသည်။ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ကျောင်းသားအစည်းအဝေးကြီးပြုလုပ်၍ တက္ကသိုလ်အက်ဥပဒေကို အရေးဆိုဆန့်ကျင်ကြရန် ဆုံးဖြတ်ကြသည်။ နယ်ချဲ့အစိုးရက ယူနီဗာစီတီဖွင့်ပွဲကို ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဖွင့်လှစ်ရန် ကြေညာလိုက်သည်ကို အကြောင်းပြု၍ ကျောင်းသားတို့က ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၅ ရက်နေ့ (မြန်မာသက္ကရာဇ် ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်)တွင် တက္ကသိုလ်အက်ဥပဒေကို လုံးဝကန့်ကွက်ကြောင်း ဖော်ပြသည့်အနေဖြင့် ကျောင်းမတက်ကြဘဲ ဆန့်ကျင်အရေးဆိုကြောင်း ကြေညာလိုက်လေသည်။

ပန်းတောင်းသန်းကြွယ်

ရန်ကုန်မြို့ရှိ အထက်တန်း ကျောင်းသူ၊ ကျောင်းသားများကလည်း နောင်တော်ကောလိပ်ကျောင်းသားကြီးများ၏ အရေးဆိုဆန့်ကျင်ပွဲကို ထောက်ခံသည့်အနေဖြင့် သက်ဆိုင်ရာကျောင်းများကို မတက်ကြတော့ဘဲ ဗဟန်းအရေးဆိုပွဲစခန်းသို့လာရောက်ကာ အရေးဆိုဆန့်ကျင်စာရင်းသွင်းကြသည်။ ထိုမှ မြန်မာတစ်နိုင်ငံလုံးရှိ ကျောင်းများသို့ ပညာရေးအရေးတော်ပုံကြီး ပျံ့နှံ့ရောက်ရှိသွားလေသည်။ အရေးဆိုကန့်ကွက်ကြသော ကျောင်းသူ၊ ကျောင်းသားများဘက်မှ မြို့ခံလူထုကြီးတစ်ရပ်လုံးက မားမားမတ်မတ်ရပ်တည်ကာ အားပေးထောက်ပံ့ကြသည်။

ရန်ကုန်ကောလိပ်အာဏာပိုင်များသည် ကျောင်းသား၊ ကျောင်းသူများ၏ အရေးဆိုချက်ကိုမစဉ်းစားဘဲ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် ကျောင်းပြန်မတက်က ကျောင်းမှထုတ်ပစ်မည်ဟု ကြေညာပြန်သည်။ ဆန့်ကျင်အရေးဆိုနေသည့် ကျောင်းသားကြီးများက မိမိတို့အမည်စာရင်းများကို ကျောင်းစာရင်းမှ အပြီးတိုင်ထုတ်ပယ်ပါမည့်အကြောင်း အာဏာပိုင်တို့ထံ စာတင်၍ တုံ့ပြန်လေသည်။

ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ဂျီစီဘီအေအသင်းချုပ်ကြီးက အစည်းအဝေးပြုလုပ်၍ မြန်မာပြည်တွင် အမျိုးသားကျောင်းများ၊ ကောလိပ်များနှင့် တက္ကသိုလ်များ ဖွင့်လှစ်ရန်၊ ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများ လက်အောက်ရှိကျောင်းများကို အမျိုးသားကျောင်းများအဖြစ် ပြောင်းရန်နှင့် အစိုးရကျောင်းများသို့ ပြန်မတက်ရန်တို့ကို တိုက်တွန်းနှိုးဆော်လေသည်။

အမြို့မြို့ရှိ ဝံသာနုကြီးများ၏ စေတနာသဒ္ဓါတရားကို ခံယူရရှိမှုကြောင့် အနယ်နယ်အရပ်ရပ်တွင် အမျိုးသားကျောင်းများ တစ်မုဟုတ်ချင်းပေါ်ထွက်လာသည်။ အမျိုးသားကောလိပ်ကြီး ပေါ်ထွန်းလာရာ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ ဆရာတော်ဦးဉာဏ၊ ဒီးဒုတ်ဦးဘချို စသော ပုဂ္ဂိုလ်ကြီးများက ပါမောက္ခ၊ ကထိကဆရာကြီးများအဖြစ်ပါဝင်၍ စေတနာ့ဝန်ထမ်း စာပြပေးကြလေသည်။

၁၉၂၁ခုနှစ် ဩဂုတ်လတွင် ဗဟန်းရွှေကျင်ကျောင်းတိုက်၌ အမျိုးသားကောလိပ်ကိုအောင်မြင်စွာ ဖွင့်လှစ်သင်ကြားနိုင်ခဲ့သည်။ အမျိုးသားပညာရေးကောင်စီဟူ၍လည်း ပေါ်ထွန်းလာကာ မြန်မာတစ်နိုင်ငံလုံးတွင် အမျိုးသားကျောင်းများ ပေါ်ထွန်းလာအောင် စည်းရုံးအားပေးနိုင်ခဲ့သည်။

၁၉၂၀ ပြည့်နှစ် ကောလိပ်ကျောင်းသားကြီးများဦးဆောင်သည့် ကိုလိုနီပညာရေးစနစ်ကို ဆန့်ကျင်သောအရေးဆိုပွဲသည် ထိုခေတ်က နယ်ချဲ့ဆန့်ကျင်ရေး ဝံသာနုလှုပ်ရှားမှုကို ကြီးစွာအထောက်အကူပြုခဲ့သည်။ ဂျီစီဘီအေအသင်းချုပ်ကြီး၏ ထောက်ခံအားပေးမှုကလည်း ကိုလိုနီခေတ် လူများအား ဝံသာနုစိတ်ဓာတ်များနိုးကြားလာစေရန် များစွာအထောက်အကူပြုခဲ့သည်။ ထိုလှုပ်ရှားမှုကြီးကြောင့် အမျိုးသားကျောင်းများ ပေါ်ပေါက်လာရုံသာမက ခေတ်သစ်အမျိုးသားပညာရေး အတွေးအခေါ်ကိုလည်း ပေါက်ဖွားစေခဲ့သည်။ မြန်မာတစ်မျိုးသားလုံးအတွက် နိုင်ငံရေးနိုးကြားမှု၊ အမျိုးသားစည်းလုံးမှု၊ ဇာတိသွေး ဇာတိမာန်မြင့်မားမှုတို့ကိုလည်း ပို့ဆောင်ပေးလေသည်။ မြန်မာတို့၏ စိတ်ဓာတ်မြှင့်တင်ရေးတော်လှန်မှု အောင်ပွဲကြီးပင်ဖြစ်သည်။

၁၉၂၁ ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် မန္တလေးမြို့၌ ကျင်းပသော နဝမအကြိမ်မြောက် ဂျီစီဘီအေညီလာခံကြီး၌ အမျိုးသားနေ့သတ်မှတ်ရန် စဉ်းစားကြသောအခါ ၁၉၂၀ ပြည့်နှစ်တွင် ကျောင်းသားများစတင်အရေးဆိုခဲ့သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို သတ်မှတ်ရန် သဘောတူခဲ့ကြပြီး ၁၉၂၂ ခုနှစ် ဇွန်လတွင် ရန်ကုန်မြို့ရှိ ဂျူဗလီဟော၌ ကျင်းပသော ဂျီစီဘီအေအထူးကွန်ဖရင့်က အတည်ပြုဆုံးဖြတ်ခဲ့လေသည်။ နယ်ချဲ့ဗြိတိသျှတို့အား ပထမဆုံး ထိထိရောက်ရောက် တော်လှန်ဆန့်ကျင်သောနေ့ဖြစ်သည့် ထိုတန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ကို အမျိုးသားနေ့အဖြစ် သတ်မှတ်အတည်ပြု၍ မြန်မာတို့၏ အမျိုးသားအောင်ပွဲနေ့ကို နှစ်စဉ် ကျင်းပခဲ့ကြသည်။

ယခုနှစ် ကျင်းပသည့် အမျိုးသားနေ့မှာ (၉၀)ပြည့်နှစ်မြောက်ဖြစ်သည်။ ရှေးခေတ်ဘိုးဘွားဘီဘင်တို့ စိုက်ထူထွန်းညှိခဲ့သော အမျိုးသားနေ့ မီးရှူးတန်ဆောင်ကြောင့် မြန်မာတို့၏ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ခဲ့ပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးကို ဦးတည်ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကိုပါ ပြန်လည်ရယူနိုင်ခဲ့သည်။ ဤအမျိုးသားအောင်ပွဲနေ့၏ ကောင်းကျိုးရလဒ်အသီးအပွင့်များ ထာဝစဉ်ရှင်သန်ကြီးထွားနေအောင် သားစဉ်မြေးဆက် လက်ဆင့်ကမ်းသယ်ဆောင်သွားရမည်မှာ မြန်မာအမျိုးသားထုကြီးတစ်ရပ်လုံး၏ မွေးရာပါတာဝန်ပင်ဖြစ်သည်။

ဤတာဝန်ကိုကျေပွန်စွာ ထမ်းဆောင်သွားရန်အတွက် မျက်မှောက်ကာလ၏ အဓိကလိုအပ်ချက်မှာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးပင်ဖြစ်သည်။ ယခုအခါ ပဥ္စမအဆင့်ဖြစ်သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို နိုဝင်ဘာလ ၇ ရက်နေ့က ကျင်းပခဲ့ပြီးဖြစ်သည်။ ကျန်ရှိသော ဆဋ္ဌမနှင့်သတ္တမ အဆင့်(၂)ရပ်ကိုလည်း သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်အောင် စီမံဆောင်ရွက်လျက်ရှိရာ မြန်မာတို့၏ရှေ့ခရီးသည် ဖြောင့်ဖြူးသာယာလျက်ရှိပါကြောင်း ရေးသားလိုက်ရပေသည်။ ။

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၂၇

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** ချင်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၆ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိနှင့် ရှမ်းပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** မချမ်းဘောမြို့တွင် သုည ဒသမ ဝ၈ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၂၈ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်မှအပ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့ လသာမြို့နယ် ရွှေတိဂုံဘုရားလမ်းနေ ဦးရွှေထွန်း-ဒေါ်ကြင်တီ၊ သားသမီးမြေးတစ်စုတို့က အဆောက်အအုံပဒေသာပင်နှင့် တစ်နေ့စာဆွမ်းအတွက် ငွေကျပ်ငါးသိန်းသုံးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့တွဲဖက်ဘဏ္ဍာရေးမှူး ဦးချစ်မြိုင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မင်းပြားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဂန္ဓဝေပန်းခြံအတွင်း သာယာလှပရေး ဆောင်ရွက်ထားရှိမှုအား ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးကြည်စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းအောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်ခင်စိုးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

အထက(၃)ပိုလ်တထောင်(ယခင်မက်သဒစ်/ရေကျော်အထက်တန်းကျောင်း) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၂၂)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့)တွင် အထက(၃) ပိုလ်တထောင် သစ္စာခန်းမ (သစ်သားကျောင်းဆောင်)၌ ကျင်းပမည်ဖြစ်ရာ အာစရိယပူဇော်ပွဲနှင့် ကျောင်းသားဟောင်းများ ပြန်လည်တွေ့ဆုံပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် အလှူငွေထည့်ဝင်လိုသူများနှင့် အသေးစိတ်သိရှိလိုသူများသည် ကျောင်းသားဟောင်းများဖြစ်သည့် ဦးမြင့်ဆွေ ဖုန်း-၀၉-၅၁၆၃၂၂၃၊ ဦးကျော်အောင် ဖုန်း-၇၀၃ ၂၂၀၊ ဦးလှသိန်း ဖုန်း-၀၉-၅၀၆၇၀၃၀၊ ဦးနေဝင်း ဖုန်း-၅၈၄ ၁၁၃၊ ဦးကျော်ဝင်း ဖုန်း-၅၇၉၃၁၉၊ ဦးထွန်းစိန် ဖုန်း-၀၉-၅၁၈ ၅၂၂၈၊ ဦးညွန့်မောင် ဖုန်း-၀၉-၅၀၉၂၃၉၁၊ ဦးဆန်းထူး ဖုန်း-၃၉၂၃၃၀၊ ဦးခင်မောင်ဦး- ဒေါ်သိန်းသိန်းရင် ဖုန်း-၅၇၂၃၅၂၊ ဒေါ်မြမြသန်း ဖုန်း-၅၈၄၇၈၅၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၃၉၆၄၇၉၊ ဒေါ်လဲ့လဲ့ဝင်းဟန် ဖုန်း-၀၉-၅၀၀၆၈၄၃၊ ဦးကျော်မြ ဖုန်း-၀၉-၈၅၀၂၂၇၉၊ ဒေါက်တာလှမြင့် ဖုန်း-၂၀၁၈၈၇ နှင့် ကိုသန့်ဇော် ဖုန်း-၀၉-၅၁၁ ၄၇၅၇ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ဝတီးမြို့ဟောင်း တတိယအကြိမ် တူးဖော်ရာမှ ပျူခေတ်အစောပိုင်းယဉ်ကျေးမှုများ တူးဖော်တွေ့ရှိ

နေပြည်တော် နိုဝင်ဘာ ၂၇

ယဉ်ကျေးမှုဝန်ကြီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်ဆွေ ခေါင်းဆောင်၍ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန (မန္တလေးဌာနခွဲ)နှင့် သမိုင်းသုတေသနဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများ ပါဝင်သောအဖွဲ့သည် ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၉ ရက်အထိ မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ်ရှိ ဝတီးမြို့ဟောင်း တူးဖော်သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ဝတီးမြို့ဟောင်း ကုန်းအမှတ် (၆) မှ တူးဖော်တွေ့ရှိသော သဲကျောက်တုံးများ။

ဝတီးမြို့ဟောင်း ကုန်းအမှတ် (၆) မှ တူးဖော်တွေ့ရှိသော အနောက်ဘက်မြို့ရိုး။

အကျယ်ဧက ၃၂၀ ရှိ ဝတီးမြို့ဟောင်းသည် အဝိုင်းပုံမြို့ဟောင်းဖြစ်ပြီး သရေခေတ္တရာ၊ ပင်လယ်နှင့် ဝေသာလီမြို့ဟောင်းတို့ထက် အရွယ်ငယ်ပြီး သာဂရမြို့ဟောင်းထက်ကြီးသော ပျူမြို့ဟောင်းတစ်ခုဖြစ်သည်။ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ပထမအကြိမ်၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်တွင် ဒုတိယအကြိမ်နှင့် ယခု ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်တွင် တတိယအကြိမ်အဖြစ် ဆက်လက်တူးဖော်ခဲ့ခြင်းဖြစ်သည်။

ဒုတိယအကြိမ် ဝတီးမြို့ဟောင်း တူးဖော်မှုမှ ကြေးချူ ကြေးပြား၊ ရုပ်ဒိုးပြား၊ သဲကျောက်ပြား၊ ယောက်သွားခွံ၊ လချေးပြား၊ မီးသွေးစ၊ သန်လျက်၊ သံမှို အစရှိသည်တို့ကို တွေ့ရှိရသည်။ ဝတီးမြို့ဟောင်း တူးဖော်မှုမှ သေသူကို ပကတိမြှုပ်နှံသည့်ဓလေ့နှင့် မီးရှို့၍ အရိုးနှင့်ပြာကို အိုးတွင်ထည့်သွင်းမြှုပ်နှံသည့် ဓလေ့တို့ကို တွေ့ရှိရသည်။ ဝတီးမြို့ဟောင်းမှ တွေ့ရှိရသော ပစ္စည်းများ၊ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများသည် ဗိဿနိုး၊ ဟန်လင်း၊ သရေခေတ္တရာတို့နှင့် တူညီသဖြင့် ဝတီးမြို့ဟောင်းသည် ပျူမြို့ဟောင်းဖြစ်ကြောင်း သက်သေထူနိုင်ခဲ့သည်။



ဝတီးမြို့ဟောင်း ကုန်းအမှတ် (၅-ခ) မှ တူးဖော်တွေ့ရှိသော လက်စင်းရာပါအုတ်ချပ်များ။

ဝတီးမြို့ဟောင်း အနောက်ဘက်မြို့ရိုး၏ အရှေ့ဘက် ပေ ၂၀၀ ခန့်အကွာ ကုန်းအမှတ် WD 5 ၏ တောင်ဘက်သို့ ပေါ်ထွက်နေသော အုတ်ရိုးတန်း WD 5B ကို တူးဖော်ခြင်းဖြစ်သည်။ အလျား ၆၅ ပေ၊ အနံ နှစ်ပေ ၁၀ လက်မ၊ အမြင့် သုံးပေ သုံးလက်မရှိ အုတ်လှား ၁၃ လှား ပါရှိသော အရှေ့မှအနောက်သို့ တန်းနေသော အုတ်ရိုးတန်းဖြစ်သည်။ ယင်း အုတ်ရိုးတန်း၏ အနောက်ဘက်အဆုံး၌ အလျား ၁၅ ပေ နှစ်လက်မ၊ အနံ တစ်ပေ နှစ်လက်မ၊ အမြင့် သုံးပေ သုံးလက်မ တောင်မြောက်တန်းနေသော အုတ်ရိုးတန်းနှင့် မြောက်ဘက်အစွန်ဆုံးတွင် တောင်ဘက်ကပ်လျက် အရှေ့အနောက်တန်းနေသော အလျား ၂၈ ပေ၊ အနံ တစ်ပေ သုံးလက်မ၊ အမြင့် သုံးပေ သုံးလက်မရှိ အုတ်ရိုးတန်းဖြစ်သည်။ ယင်းအုတ်ရိုးတန်း၏ တောင်ဘက်တွင် အလျား ၃၄ ပေ၊ အနံ လေးပေ၊ အမြင့် တစ်ပေ နှစ်လက်မရှိ အရှေ့အနောက်တန်းနေသော အုတ်ကြမ်းခင်းတွေ့ရှိရသည်။ ယင်း အုတ်ရိုးတန်းများမှာ အဆောက်အအုံ၏ အုတ်ပန္နက်များပင်ဖြစ်သည်။ အဆောက်အအုံ၏ အတိုင်းအတာမှာ တောင်မြောက် ၇၅ ပေရှိ အနောက်ဘက်အုတ်ရိုး၊ တောင်မြောက် ၆၂ ပေရှိ အရှေ့ဘက်ခြမ်း၊ ၆၅ ပေရှိ မြောက်ဘက်ခြမ်းတို့ ပါဝင်သည်။ တူးဖော်သုတေသန ပြုလုပ်မှုတွင် ဆီမီးခွက်အများအပြား တွေ့ရှိရသဖြင့် အဆောက်အအုံသည် ဘာသာရေးနှင့်ဆိုင်သော အဆောက်အအုံဖြစ်နိုင်ကြောင်း၊ ထို့ပြင် ရုပ်ဒိုးပြား တစ်ခု၊ မြေဂျင်သီး တစ်လုံး၊ မြေဆီမီးခွက် နှစ်ခုနှင့် အိုးခြမ်းပဲ့များကို ဆက်လက်တူးဖော်ရာတွင် တွေ့ရှိရသည်။ ကုန်းအမှတ် WD 5B တွင် အသုံးပြုသော အုတ်အရွယ်အစားများမှာ ၁၇ လက်မ × ၁၀ လက်မ× ၃လက်မ အရွယ်၊ ၁၆ လက်မ × ၁၀ လက်မ × ၃ လက်မ အရွယ်နှင့် ၁၇ ဒသမ ၅ လက်မ × ၁၀ လက်မ × ၃ လက်မ အရွယ်ရှိပြီး အချို့တွင် လက်စင်းရာများ ပါရှိသည်။

မြစ်သား-နွားထိုးကြီး ကားလမ်းမှ ဘုရားကြီးကျေးရွာသို့ သွားသော ကားလမ်း၏ ယာဘက်တွင် တည်ရှိသည်။ ကွေ့ဝိုက်နေသော အနောက်ဘက်မြို့ရိုး နေရာဖြစ်ပြီး အလျား ၉၂ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ငါးပေရှိသည်။ အပေါ်ယံမြေလွှာမှ လေးပေအနက်တွင် အလျား ၁၂ လက်မ၊ အနံ ခုနစ်လက်မ၊ ဒု လေးလက်မအရွယ် သဲကျောက်တုံးများ စီထားသည်ကို တွေ့ရှိရသည်။ သဲကျောက်တုံးများ၏ အောက်ဘက်ကပ်လျက် Datum Line Level မှ မြေအနက် ငါးပေတွင် အုတ်အမြင့် ရှစ်လက်မခန့် စီထားပြီး အောက်တွင် ထုထောင်းထားသော မြေကျစ်လွှာဒု ခြောက်လက်မခင်းထားသည်။ ကွေ့ဝိုက်နေသော အနောက်ဘက်မြို့ရိုး၏ မြေလွှာကို သစ်ဆွေးရော မြေလွှာ၊ သဲမြေလွှာ၊ အုတ်ကျိုးလွှာနှင့် ထုထောင်းထားသော မြေကျစ်လွှာတို့အဖြစ် အဆင့်ဆင့် တွေ့ရှိရသည်။

၂၀၁၀-၂၀၁၁ ခုနှစ် ဝတီးမြို့ဟောင်း တူးဖော်သုတေသနပြုမှုသည် ကုန်းအမှတ် WD 5B ဘာသာရေး အဆောက်အအုံ အပြီးသတ်တူးဖော်မှုနှင့် ကုန်းအမှတ် WD 6 မြို့ဟောင်း၏ အနောက်ဘက်မြို့ရိုးတို့ကို တူးဖော်ခြင်းဖြစ်သည်။ တူးဖော်တွေ့ရှိရသော အထောက်အထားများအရ ဝတီးမြို့ဟောင်းသည် မြို့ပြယဉ်ကျေးမှု၏ အစောပိုင်းကာလ(သို့) ပျူခေတ်ဦးကာလက တည်ဆောက်ခဲ့သော မြို့ဖြစ်ဟန်ရှိပြီး တွေ့ရှိရသော အိုးခြမ်းပဲ့များကိုလေ့လာရာ၌ သံခေတ်သုံး မြေအိုးများ၊ ပျူခေတ်ဦးကာလ မြေအိုးခြမ်းပဲ့များ ဖြစ်ကြောင်းနှင့် ပျူခေတ်ဦးကာလမြို့ဟောင်းတစ်ခု ဖြစ်ကြောင်း သုံးသပ်နိုင်သည်။

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ရှေးအတိတ်ကာလမှ ယနေ့တိုင် ကြွင်းကျန်တည်ရှိနေသော ယဉ်ကျေးမှု သမိုင်း အထောက်အထားများကို မြန်မာနိုင်ငံအနှံ့ ရှာဖွေလေ့လာ၍ တူးဖော်သုတေသနပြုလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝတီးမြို့ဟောင်း ကုန်းအမှတ် (၅-ခ) မှ တူးဖော်တွေ့ရှိသော သာသနိက အဆောက်အအုံ အုတ်ရိုးတန်း။

အထက(၁) မအူပင် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၇

မအူပင်မြို့ အထက(၁) (ယခင်ဟိုက်စကူးကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲကို ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂ ရက်(တနင်္ဂနွေနေ့)တွင် အဆိုပါကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို နံနက် ၁၀ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပပြီး မိတ်ဆုံညစာစားပွဲကို ညနေ ၆ နာရီတွင် ကျောင်းရှေ့မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။

အပူဇော်ခံ အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ရန်ကုန်မြို့ရှိ ဦးမြစိုး ဖုန်း-၀၁-၅၁၇၁၈၂၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၉၀၃၈၆၊ ဦးတင်စိုး ဖုန်း-၀၉-၅၁၈၁၄၁၂၊ ဦးမျိုးသက် ဖုန်း-၀၉-၅၁၈၁၄၀၂၊ ဦးမော်ကြီး-မစန္ဒာ ဖုန်း-၀၁-၅၅၁၂၈၆၊ ဦးအောင်ချိုသန်း ဖုန်း-၀၁-၅၃၇၀၇၃နှင့် မအူပင်မြို့ရှိ ဦးသိန်းထွန်း (ကျောင်းအုပ်ကြီး) ဖုန်း-၀၄၅-၃၀၄၇၀၊ ဦးကျင်ဝင်း ဖုန်း-၀၉-၈၅၈၅၃၇၅၊ ဦးကြည်စိန် ဖုန်း-၀၉-၈၅၈၆၂၈၆၊ ဦးသန်းဌေး ဖုန်း-၀၄၅-၃၀၈၀၁ နှင့် ဦးသိန်းသန်း(အတွင်းရေးမှူး) ဖုန်း-၀၉-၄၉၇၅၁၀၀၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၈-၁၁-၂၀၁၀ (တနင်္ဂနွေနေ့)
[၁၃၇၂ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၇ရက် (အဖိတ်နေ့)]

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမြင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၆။ "သက်ရှည်ကျန်းမာလေ့ကျင့်ပါ"
၈း၁၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၂၅ ၈။ "ချစ်တတ်ကြရအောင်"
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၆၄)**
၁း၃၅ ၅။ Golf Magazine (TV)
၁း၅၅ ၆။ **မြန်မာဗီဒီယို "အလွမ်းသင့်မျက်ရည်ဖြူ" (နိုင်းနိုင်း၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-မောင်နန္ဒ)**
၂း၀၀ ၇။ မူဟန်သွယ်သွယ်ဆိုကြမယ်
၂း၁၅ ၈။ အဆိုပြိုင်ပွဲ
၂း၅၀ ၉။ International News
၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ အတီးပြိုင်ပွဲ
၄း၃၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ်(မြန်မာစာအထူးပြု) (မြန်မာစာ)
၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀ ၇။ HIV/AIDS ရောဂါ ကာကွယ်တိုက်ဖျက်ရေး(အပိုင်း-၂)
၅း၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ "စိမ်းလန်းစိုပြည်. . . ကမ္ဘာမြေ"
၆း၂၅ ၁၂။ ကာတွန်းအစီအစဉ် "BUGS' ADVENTURES" (အပိုင်း-၃၈)
၆း၄၅ ၁၃။ တစ်မျက်နှာ၊ တစ်ကွက်စာ "အားကိုးပါတယ်ဆိုမှ" (ထွန်းထွန်းဝင်း၊ ဂွမ်းပုံကြီး၊ ခိုင်ဇာသွေး) [ဒါရိုက်တာ-မေတင် (MMG)]
၇း၀၀ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စမ်းရေပမာ" (အပိုင်း-၁)**
၈း၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၇၈)**
၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဘဝမိုးတိမ်" (အပိုင်း-၁၄)**
၂၀။ အစီအစဉ်ပြီး၏။

တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးနှင့် ဝန်ကြီး သူရဦးအေးမြင့် နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးရှည်အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ပထမအကြိမ် နေပြည်တော်-မန္တလေး-နေပြည်တော် မိုင် ၃၉၀ ခရီးရှည် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမရှေ့၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်နှင့် အိုလံပစ်ကော်မတီဝင်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင် စက်ဘီးအားကစားသမား မောင်မယ်များနှင့် အားကစားဝါသနာရှင်များ စည်ကားသိုက်မြိုက်စွာ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲဖွင့်လှစ်

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်က ပြိုင်ပွဲကျင်းပပေးရခြင်း ရည်ရွယ်ချက်နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများသည် တာလွှတ်စည်း၌ နေရာယူကြပြီး နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်မောင်အေးက သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးသည်။

ယနေ့ကျင်းပသော ပြိုင်ပွဲသို့ အမျိုးသားစက်ဘီးအားကစားသမား ၁၁၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး နေပြည်တော်မှ မိတ္ထီလာမြို့သို့ မိုင် ၁၀၀ လမ်းပိုင်းခရီးကို ယှဉ်ပြိုင်စီးနင်းကြသည်။

အလားတူ အမျိုးသမီး စက်ဘီးအားကစားမယ် ၁၆ ဦးတို့သည် ပျော်ဘွယ်မြို့သို့ သွားရောက်၍ စတင်တာလွှတ်ကာ မိတ္ထီလာမြို့သို့ ၂၆ မိုင်လမ်းပိုင်းခရီးကို ယှဉ်ပြိုင်စီးနင်းကြသည်။

ယနေ့ ကျင်းပလျက်ရှိသည့် ပထမအကြိမ် နေပြည်တော် - မန္တလေး- နေပြည်တော် ခရီးရှည် အမျိုးသား၊ အမျိုးသမီး စက်ဘီးစီးပြိုင်ပွဲ၏ အမျိုးသား နေပြည်တော်-မိတ္ထီလာ လမ်းပိုင်းပြိုင်ပွဲ၌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအသင်းမှ မျိုးလွင်က ပထမ၊ MAXXIS အသင်းမှ အောင်ဖြိုးဝေက ဒုတိယနှင့် ဗိုင်းအသင်းမှပင် လင်းနောင်က တတိယ၊ အမျိုးသမီး ပျော်ဘွယ်-မိတ္ထီလာ လမ်းပိုင်းပြိုင်ပွဲ၌ မန္တလေးတိုင်းဒေသကြီးအသင်းမှ လွင်လွင်အေးက ပထမ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းမှ အေးအေးသင်းက ဒုတိယနှင့် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းမှ နော်ထီးမူက တတိယရရှိကြရာ တာဝန်ရှိသူတို့က ငွေသားဆုနှင့် ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်ယှဉ်ပြိုင်မည်

နိုဝင်ဘာ ၂၈ ရက် နံနက်ပိုင်းတွင် အမျိုးသားပြိုင်ပွဲဝင်များသည် မိတ္ထီလာမြို့မှ မန္တလေးမြို့သို့ ၉၅ မိုင် လမ်းပိုင်းခရီးကိုလည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲဝင်များသည် ကျောက်ဆည်မြို့မှ မန္တလေးမြို့သို့ မိုင် ၃၀ လမ်းပိုင်းခရီးကိုလည်းကောင်း ဆက်လက်စီးနင်းယှဉ်ပြိုင်ကြမည်ဖြစ်ပြီး နေ့စဉ်လမ်းပိုင်းအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား လမ်းပိုင်းအလိုက် ဆုကြေးငွေများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန်ကားလမ်းအား လမ်းသား ၃၄ ပေရရှိရန် တောင်နံရံများအား စက်ကြီးများဖြင့် ဖြိုချ၍ လမ်းချဲ့နေသည်ကို မုံးစီးဒေသတွင် ဤသို့တွေ့ရစဉ်။

◆ **ရှေ့ဖုံးမှ**

အရှေ့မြောက်ဖျား နယ်စပ်တောင်ပေါ်ဒေသဖြစ်သည်။ ထိုမုန်းဝန်းဒေသ ကွတ်ခိုင် - တာမိုးညဲ - မုံးစီး - တာပါး ၁၈ မိုင်လမ်းဆုံ (တာရွှေထန်) အထိ ၇၈ မိုင် မော်တော်ကားလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက မူလလမ်းမှ လမ်းသား ၃၄ ပေ အထိ ချဲ့ထွင်ပြီး တစ်ဆက်တစ်စပ်တည်း ကတ္တရာလမ်း အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိနေပြီဆိုသည့် သတင်းကို အောက်တိုဘာလ ၂၀ ရက်နေ့ထုတ် သတင်းစာကြီးများ၌ ဖတ်ရှုလိုက်ရသဖြင့် သွားရောက်လေ့လာရန် နိုဝင်ဘာ ၅ ရက်နေ့က ရန်ကုန်မှ လားရှိုးသို့ AIR BAGAN လေကြောင်းလိုင်းဖြင့် လိုက်ပါလာခဲ့သည်။

လားရှိုးသို့ ရောက်ပြီးနောက် မော်တော်ကားဖြင့် ဆက်လက်ထွက်ခွာလာခဲ့ရာ တာမိုးညဲသို့ နေဝင်ရီတရောအချိန်တွင် ရောက်ရှိသွားသဖြင့် တာမိုးညဲရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြို့နယ်ခွဲရုံး၌ တစ်ညတာ အိပ်စက်ရသည်။ နောက်တစ်နေ့ နံနက်တွင် လုပ်ငန်းခွင်များရှိရာ မုံးစီး၊ တာပါး ၁၈ မိုင်လမ်းဆုံ (တာရွှေထန်)သို့ ရောက်ရှိခဲ့သည်။

အဆိုပါ လမ်းအကျယ်ချဲ့ခြင်း၊ ကတ္တရာလမ်းခင်းခြင်းဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်နေသော တောင်ပေါ်လမ်းသည် မန္တလေး-လားရှိုး-မူဆယ် အာရှလမ်းမကြီး (AH-14) ပေါ်ရှိ ကွတ်ခိုင်မြို့နယ်မှ တာမိုးညဲ-မုံးစီး-တာပါး ၁၈ မိုင်လမ်းဆုံ (တာရွှေထန်) ထိ ဖြစ်ပြီး မိုင်ပေါင်း ၇၈ မိုင် ရှည်လျားသည်။ အဆိုပါ လမ်းကြောင်းမှ ကုန်းကြမ်းမြို့သို့ လည်းကောင်း၊ လောက်ကိုင်မြို့သို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်ပြီး လောက်ကိုင်မြို့နှင့် ကုန်ကြမ်းမြို့ ဒေသဖွံ့ဖြိုးရေးအတွက် သိန္နီ-ကွမ်းလုံ-ဟိုပန်-ချင်းရွှေဟော် လမ်းမှတစ်ဆင့် သွားလာနိုင်သည့် လမ်းနှင့်လည်း ကွန်ရက်ဆက်သွယ်ထားသော လမ်းဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်ထက် ၄၄၂၉ ပေမြင့်သော ကွတ်ခိုင်မြို့မှ ၆၃၂၃ ပေမြင့်သော လွယ်ပန်လုံတောင်အား တောင်တက် တောင်ဆင်း လမ်းများပေါ် ဖြတ်သန်း၍ ပင်လယ်ရေမျက်နှာပြင်မှ ၁၈၇၁ ပေ အမြင့်တွင် တည်ရှိသည့် သန်လျင်တံတား (တာပါး) ပေါ်မှတစ်ဆင့် လောက်ကိုင် - ကုန်းကြမ်းလမ်းပေါ်ရှိ ၁၈ မိုင်လမ်းဆုံသို့ ဆက်သွယ်ဖောက်လုပ်ထားသော လမ်းဖြစ်သည်။ ၂၁-၅-၂၀၀၅ တွင် သံလွင်မြစ်ကူးတံတား (တာပါး) ဖွင့်လှစ်စဉ်က ၁၂ ပေအကျယ် အမာခံလမ်းအဆင့် ဖောက်လုပ်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ ရှမ်းပြည်နယ်(မြောက်ပိုင်း) ခရီးစဉ်၌ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ရန် လမ်းညွှန်ချက်ဖြင့် အဆိုပါ ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး ၁၈ မိုင်လမ်းဆုံ တာရွှေထန်လမ်းအား ၃၄ ပေအကျယ် လမ်းသားချဲ့ထွင်၍ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်နေခြင်း ဖြစ်သည်ဟု သိရသည်။

ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန်ကားလမ်းမှ မန္တလေး-လားရှိုး-မူဆယ် အာရှလမ်းမကြီးနှင့်ဆက်မည့် ကွတ်ခိုင်မြို့နယ်တွင် လမ်းကြိတ်စက်ဖြင့် ထပ်ပိုးလွှာများ ခင်းနေစဉ်။



တောင်ပေါ်ဒေသလမ်း ဖြစ်သော်လည်း တောင်တက်တောင်ဆင်း လမ်းကွေ့လမ်းကောက်များအား ကျယ်-ဖြောင့်-ပြေ စနစ်ဖြင့် လမ်းသား ကျယ်ကျယ် ဖြောင့်တန်းညီညာ၍ အတက်အဆင်းပြေပြစ်အောင် စက်ယန္တရားများ အသုံးပြုဖောက်လုပ်လျက်ရှိပြီး ၃၄ ပေ အကျယ်ပြည့်မီစေရေး ကျောက်တောင်၊ ကျောက်စွယ်၊ ကျောက်ငုတ်များအား မိုင်းခွဲရှင်းလင်းခြင်း၊ ဖြောင့်တန်းညီညာစေရေးအတွက် လမ်းကွေ့ကောက်များအား ချဲ့ထွင်ရှင်းလင်းခြင်း၊ လမ်းအူကြောင်းသစ်တူးဖို့ခြင်းနှင့် အတက်အဆင်းပြေပြစ်စေရေးများကို လမ်းသတ်မှတ်ချက် စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်လျက်ရှိကြောင်းသိရှိခဲ့ရသည်။

ယခုအခါ လမ်းအကျယ် ၃၄ ပေ တိုးချဲ့ခြင်း ၄၈ မိုင်ခန့် ပြီးစီးနေပြီဖြစ်ပြီး အမာခံလမ်းအား ကတ္တရာလမ်းအဖြစ် စတင်အဆင့်မြှင့်ဆောင်ရွက်လျက်ရှိသည်။ လမ်းတစ်လျှောက် အသုံးပြုရန် ထုတ်လုပ်စုဆောင်းနေသည့် ကျောက်ထုတ်စခန်းများမှာလည်း ငါးမိုင်ကြားတစ်ခု တည်ရှိလျက်ရှိကြောင်းနှင့် ကျောက်ရွယ်စုံစုဆောင်းထားမှုနှင့် ကတ္တရာလမ်းခင်းခြင်းများကို မျက်မြင်တွေ့ရှိခဲ့ရသည်။

တာမိုးညဲလမ်းပိုင်းတွင် တာဝန်ယူဆောင်ရွက်နေသော တာမိုးညဲမြို့နယ်ခွဲ အင်ဂျင်နီယာအငယ်တန်း အင်ဂျင်နီယာ(၃) မြို့ပြ ဒေါ်ဖြူဖြူလင်းအား လုပ်ငန်းဆောင်ရွက်နေမှုနှင့် အတွေ့အကြုံအားမေးမြန်းကြည့်ရာ ကွတ်ခိုင်မြို့နယ်အပိုင်း မော်ဟန်မှ တာမိုးညဲ-ရှာစီးကူးအထိ ၁၁ မိုင်ကို တာဝန်ယူရကြောင်း၊ တချို့ကျောက်ချပြီးဖြစ်၍ ကတ္တရာလောင်းတော့မှာ ဖြစ်ကြောင်း၊ သူမ တာဝန်ယူရသည့် အပိုင်းတစ်ခုတည်းမှာပင် မြေတူးမြေကော်စက်ကြီးလေးစီးရှိကြောင်း၊ တောင်တွေဖြိုရပြီး လမ်းချဲ့ရတာ အတွေ့အကြုံအများကြီးရကြောင်း၊ ခက်ခဲပင်ပန်းသော်လည်း နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း သည်တောင်ပေါ် တိုင်းရင်းသားများအတွက် လမ်းပန်းဆက်သွယ်ရေးများ ပိုမိုလွယ်ကူစေတော့မှာသိရလို့ ဝမ်းသာကြည်နူးမိပါကြောင်းကို ပြုံး၍ ပြောပြသည်။

ဆက်လက်၍ လားရှိုးခရိုင်အင်ဂျင်နီယာမှူး ဦးကျော်မင်းအေးအား တွေ့ဆုံမေးမြန်းခဲ့ရာ ဦးကျော်မင်းအေးက ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-၁၈ မိုင် လမ်းဆုံ(တာရွှေထန်)လမ်းသည် ကွတ်ခိုင်မြို့မှ တာပါးတံတားအထိ ၆၆မိုင်ကို လားရှိုးခရိုင်က တာဝန်ယူဆောင်ရွက်ပြီး တာပါးတံတားမှ လောက်ကိုင်-ကုန်းကြမ်းလမ်းရှိ ၁၈ မိုင်လမ်းဆုံသို့ ၁၂ မိုင်ကို ကွမ်းလုံခရိုင်မှ တာဝန်ယူဆောင်ရွက်တာဖြစ်၍ စုစုပေါင်း ၇၈ မိုင် ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ နယ်စပ်ဒေသများပါ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်လာဖို့ လမ်းညွှန်ချက်ဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး၏ ၂၄-၅-၂၀၁၀ နေ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ညွှန်ကြားချက်အရ ၂၀၁၀ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုလမ်းကြီး ပြီးစီးသွားပါက လမ်းတစ်လျှောက်ရှိ တာမိုးညဲမြို့နှင့် မုံးစီးဒေသများ ကုန်စည်စီးဆင်းမှု မြန်ဆန်တိုးတက်လာရုံသာမကဘဲ လောက်ကိုင်-ကုန်းကြမ်းလမ်း ၁၈ မိုင် လမ်းဆုံမှ တစ်ဆင့် လောက်ကိုင်ခရိုင်ရှိ လောက်ကိုင်မြို့နယ်နှင့် ကုန်းကြမ်းမြို့များသို့ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ပြီး အချိန်တိုအတွင်း သွားရောက်နိုင်မှာ ဖြစ်ပါကြောင်း၊ ယခုထိလားရှိုးမြို့နှင့် မူဆယ်မြို့များမှလောက်ကိုင်-ကုန်းကြမ်းမြို့များသို့ သွားလိုလျှင် သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်မှတစ်ဆင့် သွားလာခဲ့ရပြီး အပြန်ကိုလည်း ထိုလမ်းမှသာ ပြန်၍ ရပါကြောင်း၊ ယခုလမ်းမကြီး ဆောင်ရွက်ပြီးစီးပါက မူဆယ်မြို့မှ လောက်ကိုင်မြို့နှင့် ကုန်းကြမ်းမြို့များသို့ သွားလာလိုသူများအတွက် သိန္နီမြို့သို့ သွားရောက်ရန် မလိုတော့ဘဲ ကွတ်ခိုင်မြို့မှ ယခုလမ်းမကြီးကို အသုံးပြုကာ သွားလာနိုင်တော့မှာ ဖြစ်တဲ့အတွက် မူဆယ်ခရိုင်နှင့် လောက်ကိုင်ခရိုင် ဆက်သွယ်မှု ပိုမိုကောင်းမွန်လာမှာဖြစ်ကြောင်း၊ ယခုဖောက်တဲ့ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး ၁၈ မိုင် လမ်း

တာမိုးညဲမြို့နယ်ခွဲမှ အငယ်တန်း အင်ဂျင်နီယာ-၃(မြို့ပြ) ဒေါ်ဖြူဖြူလင်း ရှင်းလင်းပြောကြားစဉ်။

ဆုံ(တာရွှေထန်)လမ်းမှာ အမြဲပြိုကျပြီး အန္တရာယ်ရှိတဲ့ ပြိုးတောင်မျိုး မရှိပါကြောင်းတို့ကို ပြောပြသည်။

ယခု ကျွန်တော် ရောက်ရှိလေ့လာခွင့်ရခဲ့သော ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-တာရွှေထန်တောင်ပေါ် ကားလမ်း၏ ရာဇဝင်မှာ ၁၉၈၈ ခုနှစ် မတိုင်မီ ကွတ်ခိုင်မှ တာမိုးညဲသို့အထွက် တစ်မိုင်သာ ကတ္တရာလမ်းဖြစ်၍ တာမိုးညဲအထိ ၁၆ မိုင်မှာ အမာခံကျောက်ကြမ်းလမ်းဖြစ်ပြီး မုံးစီးအထိ ၂၈ မိုင်မှာ မြေလမ်းဖြစ်သည်။ ၁၉၉၅ - ၁၉၉၆ ဘဏ္ဍာနှစ်မှစ၍ ကွတ်ခိုင်မှ ၁၆ မိုင်အား နိုင်ငံတော်နှင့် ပြည်သူပူးပေါင်း၍ ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီး ၁၉၉၇-၁၉၉၈ မှစ၍ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး အပါအဝင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် လက်အောက်ခံ တပ်ရင်းတပ်ဖွဲ့များက တာမိုးညဲ (၁၇/၀)မှ မုံးစီး(၄၅/၀)ထိနှင့် မုံးစီး-တာပါး ၂၁ မိုင်အား ကားလမ်းအဖြစ် ဖောက်လုပ်ပြီး အမာခံကျောက်ကြမ်းလမ်းခင်းပေးခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်းသို့ လွှဲပြောင်းပေးအပ်ခဲ့သဖြင့် ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်မှစ၍ မုံးစီး-လွယ်ပန်လုံ-နမ့်တောင်း-တာပါးလမ်းအား တာဝန်ယူ ဆောင်ရွက်ခဲ့ရသည့် လမ်းဖြစ်သည်။

လားရှိုးခရိုင် အင်ဂျင်နီယာမှူး ဦးကျော်မင်းအေး ရှင်းပြစဉ်။

၂၀၀၃-၂၀၀၄ ဘဏ္ဍာနှစ်မှစ၍ ပေ ၆၀၀ အကျယ်ရှိ သံလွင်တံတား (တာပါး)ကြိုးတံတားကို တံတားအထူးအဖွဲ့(၉)မှ တာဝန်ယူတည်ဆောက်ခဲ့ရာ ၂၀၀၅ ခုနှစ်၊ မေလ ၂၁ ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ်မှ လာရောက်ဖွင့်လှစ်ပေးခဲ့ပါသည်။ ၁၉၉၈-၁၉၉၉ ဘဏ္ဍာရေးနှစ်မှစ၍ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်အထိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ နှစ်စဉ်ရန်ပုံငွေ ချမှတ်ပေး၍ မိုင် (၁၇/၀)မှ (၆၆/၀) အတွင်း ၁၈ မိုင် တစ်ဖာလုံ ကတ္တရာလမ်းအဖြစ် တည်ဆောက်ပေးနိုင်ခဲ့၍ ကတ္တရာလမ်း ၃၅ မိုင် တစ်ဖာလုံနှင့် အမာခံကျောက်ကြမ်းလမ်း မိုင် ၃၀ ခုနစ်ဖာလုံ တည်ဆောက်ပြီးစီးခဲ့သည်ဟု သိရသည်။

ယခု လမ်းအကျယ်ချဲ့၍ အဆင့်မြှင့်တင်ဆောင်ရွက်နေသည့် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး-၁၈ မိုင်လမ်းဆုံ(တာရွှေထန်) လောက်ကိုင်နှင့် ကုန်းကြမ်းနယ်အရောက် သွားနိုင်သည့် လမ်းသည် ယခင်လမ်းဟောင်းကဲ့သို့ အချိန်မရွေး ပြိုကျနိုင်သည့် ပြိုးတောင် (သဲတောင်) များမရှိ၍ အန္တရာယ်မကြုံနိုင်သလို လမ်းအကျယ် ၃၄ ပေထိ ချဲ့ထားသောလမ်းဖြစ်၍ "အတက်ကားကို ဦးစားပေးပါ" ဆိုသည့် ဆိုင်းဘုတ်မလိုဘဲ အတက်ကားရော အဆင်းကားပါ အပြေးတက်အပြေးဆင်းနိုင်မည့် တောင်ပေါ်လမ်းကျယ်ကြီးတစ်လမ်းဖြစ်ကြောင်း တွေ့မြင်ခဲ့ရသည်။ အချုပ်အားဖြင့်ဆိုရသော် နိုင်ငံတော်အကြီးအကဲ၏ တောင်ပေါ်မြေပြန့်မခွဲခြားဘဲ နိုင်ငံသားအားလုံးအပေါ်ထားရှိသည့် မွန်မြတ်လှသည့်စိတ်စေတနာ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ မလျှော့သောဇွဲလုံ့လတို့ဖြင့် အဆင့်မြှင့်တင်နေသည့် အဆိုပါ တောင်ပေါ်လမ်းမကြီးကား မြန်မာနိုင်ငံ အရှေ့မြောက်ဖျားမှ တောင်ပေါ်တိုင်းရင်းသားတို့အတွက် ထာဝရတည်ရှိနေပေတော့မည် ဖြစ်ပါကြောင်းကို ကွင်းဆင်းသွားရောက်လေ့လာ ရေးသားတင်ပြလိုက်ရခြင်းဖြစ်ပါသည်။ ။

ထိုင်းနိုင်ငံ ချွန်ဘူရီမြို့ ဝိဝေကာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဒေါက်တာ ဘဒ္ဒန္တအာသဘ ဘဝနတ်ထံပျံလွန်တော်မူ

နေပြည်တော် နိုဝင်ဘာ ၂၇

ထိုင်းနိုင်ငံ ချွန်ဘူရီမြို့ ဝိဝေကာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဒေါက်တာ ဘဒ္ဒန္တအာသဘ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)သက်တော်(၁၀၀) သိက္ခာတော်ဝါ(၈၀) သည် နိုဝင်ဘာ ၂၄ ရက် ဒေသစံတော်ချိန် ည ၈ နာရီတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဘဝနတ်ထံပျံလွန်တော်မူကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

၂၀၁၀ခုနှစ် အခြေခံပညာကျောင်းပေါင်းစုံ လူသစ်တန်းခရစ်ကက်ပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၀ ခုနှစ် အခြေခံပညာ ကျောင်းပေါင်းစုံ လူသစ်တန်း ခရစ်ကက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ဆက်လက်ကျင်းပသည်။

အမျိုးသားပြိုင်ပွဲ၏ ပထမအကြိုဗိုလ်လုပွဲတွင် အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း အသင်းက မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းအသင်းကို လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲတွင် မင်္ဂလာဒုံမြို့နယ် အခြေခံပညာအထက်တန်းကျောင်းအသင်းက သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းအသင်းကို လည်းကောင်း အနိုင်ရရှိကြပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

(၉၀) ပြည့်နှစ်မြောက် အမျိုးသားနေ့

၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀)ရက် (၁-၁၂-၂၀၁၀)

(၉၀)ပြည့်နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

- ☆ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာရေးနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊
- ☆ အမျိုးသားပညာရည် မြင့်မားရေး၊
- ☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- ☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး။

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် ကြည့်ရှုအားပေး

နေပြည်တော် နိုဝင်ဘာ ၂၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြပွဲကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ၏ ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ဝယ်ယူနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ရတနာပြပွဲ၌ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် နံနက် ၉ နာရီတွင် စတင်ရောင်းချရာ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဈေးပြိုင်စနစ်ဖြင့် အပြိုင်အဆိုင် ဝယ်ယူကြပြီး ကျောက်စိမ်းအတွဲပေါင်း ၆၀ ရောင်းချရကြောင်း သိရှိရသည်။

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်သည် မွန်းလွဲ ၂ နာရီခွဲတွင် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး ဦးသိန်းဆွေ၊ ပြပွဲဗဟိုကော်မတီဝင်များ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများနှင့်အတူ ရတနာပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုနှင့် ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ဈေးပြိုင်စနစ်ဖြင့် ကျောက်စိမ်းအတွဲများ ဝယ်ယူနေမှုတို့ကို လိုက်လံကြည့်ရှုအားပေးသည်။

ပြပွဲကာလအတွင်း ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ ရတနာပြပွဲနှင့် စပ်လျဉ်း၍ အဆင်ပြေချောမွေ့စေရန် ပြပွဲဗဟိုကော်မတီနှင့် ဆပ်ကော်မတီ ရုံးခန်းများကို မြန်မာ့ကျောက်မျက်ရတနာပြတိုက် ဒုတိယထပ်၌ ယာယီရုံးခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးထားသည့်အပြင် ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး ဦးသိန်းဆွေနှင့် မြန်မာ့ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက ကြီးကြပ်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ပြပွဲကို နိုဝင်ဘာ ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီမှ စတင်၍ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက် ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အာဆီယံ-တရုတ် လူငယ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များ ရန်ကုန်မြို့တွင်း ကြည့်ရှုလေ့လာ

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ၍ အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ဆွေးနွေးဖက်ဆက်ဆံရေး (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် Cultural Trail From China to ASEAN ခေါင်းစဉ်ဖြင့် ကျင်းပသည့် အာဆီယံ-တရုတ် လူငယ်ချစ်ကြည်ရေး စခန်းချပွဲသို့ တက်ရောက်လာကြသော လူငယ်ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ အာဆီယံ-လူမှုရေးယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ Focal Point သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နန္ဒာမွန်းနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် စေတီတော်အား ပန်း၊ ဆီမီး၊ ရေချမ်းတို့ ကပ်လှူပူဇော်၍ လက်ယာရစ်လှည့်လည်ပူဇော်ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ရှင်းလင်းပြောကြား

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ ရောက်ရှိကြရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးနှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ကပ္ပခန်းမ၌ စည်ပင်သာယာရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူထွေးက ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသမိုင်းကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် လေ့လာရေး ကိုယ်စားလှယ်အဖွဲ့အား တိုင်းရင်းသားရိုးရာအကများဖြင့် ဖျော်ဖြေကြပြီး တိုင်းရင်းသား တိုင်းရင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကာ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာအတွင်း လှည့်လည်ရှင်းလင်းပြသကြသည်။

ညပိုင်းတွင် စခန်းချပွဲ အတွေ့အကြုံများနှင့် နိုင်ငံအလိုက် တွေ့ရှိချက်များကို စခန်းချရာ မြရိပ်ညိုဟိုတယ်၌ သုံးသပ်ဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

အာဆီယံ-တရုတ် ချစ်ကြည်ရေး လူငယ်ကိုယ်စားလှယ် အဖွဲ့ဝင်များ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၈-၁၁-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"သစ္စာသိပြီးမှကုသိုလ်ပြုပါ" တရားတော် (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၈၈)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၅၅)**
၈း၄၀	အစဉ်အလာမပျက်ဆင်ယင်နွှဲ ရွှေကျင်မြို့၏မီးမျှောပွဲ
၈း၄၅	Activities In The City (ရွှေပြည်နန်းကလေးကြော်ငြာ သရုပ်ဆောင်ပဏ္ဏာမရွေးချယ်ပွဲ)
၈း၅၅	"ကပါတဲ့ကပါ"မြို့ရွှေဆည် ဆင်ပြိုင်ပွဲ
၉း၁၀	မိသားစုများစိတ်ချမ်းမြေ့စေဖို့ "မိုးပုလဲ"မှာဝယ်ကြစို့
၉း၂၀	ကြည်လင်ဝင်းပ သဘာဝဆေးစွမ်းအလှ
၉း၃၅	Sunday Talk (မျိုးမြတ်သူ၊ ကိုရိုးကွန့်)
၁၀း၁၀	"ဝ"တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း(အပိုင်း-၂)
၁၀း၂၅	ဗီဒီယိုပြခန်း
၁၀း၄၅	ဈေးဝယ်လမ်းညွှန် (Big Rain)
၁၁း၂၀	ရန်ကုန်မြင်ကွင်းကျယ် (အရိုးပါးအရိုးပွရောဂါ ဟောပြောဆွေးနွေးပွဲ)
၁၁း၃၅	ဆီဖြစ်လာမည့်နှမ်းလုံးများ
၁၁း၄၅	၂၀၁၀ နှစ်လယ်မြန်မာ့ ကျောက်မျက်ရတနာပြပွဲ (နေပြည်တော်)
၁၂း၀၅	ဂီတနက်သန်အနှစ်(၆၀)ပြည့် စိန်ရတုအကြိုဆွေးနွေးခန်း
၁၂း၃၅	ကညွတ်ကွင်းမြို့မှ ငါးထပ်ကြီး မဟာမုနိရုပ်ရှင်တော်မြတ်ကြီး နှစ်(၁၀၀)ပြည့်ဗုဒ္ဓပူဇနိယပွဲတော်
၁း၀၀	"သစ္စာသိပြီးမှကုသိုလ်ပြုပါ" တရားတော် (ဆရာတော်ဘဒ္ဒန္တဒေါက်တာ စန္ဒာဝရာဘိဝံသ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	စကားနပန်း (မြို့မှာနေတာကောင်းတယ်၊ တောမှာနေတာကောင်းတယ်]
၃း၂၅	Kid's Show
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၅၅)**
၄း၄၅	စိတ်ကူးအိပ်မက် အနာဂတ်အတွက် YIUS
၅း၀၀	FMF Selection
၅း၃၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၉)**
၇း၂၅	သွားမယ်စားမယ် (Junction Maw Tin မှ စားသောက်ဆိုင်များ)
၈း၀၀	MRTV-4 သတင်း
၈း၃၀	ဟိုတယ်လမ်းညွှန် (Mandalay Hill Resort Hotel)
၈း၅၀	Talent Show (စန္ဒရားဖွဲ့မာန်ဇော်ဝင်း)
၉း၀၅	မန္တလေးမြို့မှ TOA Colour World
၉း၁၅	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၆)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၅၆)**
၁၀း၁၀	ပန်းချီပြခန်း (Widescreen 101010)
၁၀း၂၅	Barclays Premier League (Tottenham Vs Liverpool)
၁၂း၂၅	မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားခြင်း
၁၂း၄၀	သင်ယူလေ့လာဂီတပညာ (Part-1)(Intro)
၁၂း၅၅	ရလဒ်ကောင်းများနှင့်Organic
၁း၀၅	အများမြင်စရာနှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း)(အပိုင်း-၂)
၁း၅၀	ဒီဂျစ်တယ်ကတ္တားအစစီထွာက
၂း၀၅	နှယဉ်ဆန်းထွင်သစ်သီးအလှဆင် (အကြော်ပွဲအလှဆင်နည်း)
၂း၂၅	ဖန်တီးသူနှင့်အနုပညာ (ချစ်သုဝေ)(အပိုင်း-၁)
၂း၅၅	အများထဲကတစ်ယောက် (ရဲအောင်၊ စိုးမြတ်သူဇာ) (ဒါရိုက်တာ-မီးပွား)
၃း၁၀	Movie Mistakes (Troy)
၃း၃၀	ကိုစိန်နှင့်ကိုယ်ဝန်ဆောင်မိခင် (စံလင်း၊ မျောက်ရှုံး၊ အေးအေးခိုင်၊ အေးသီတာ) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၃း၃၅	မြန်မာရဲ့အလှအမှတ်တရ (ဇမ္ဗူရစ်အမှတ်တရပစ္စည်းဆိုင်)
၃း၅၅	ကံကောင်းခြင်းတွေဝေဆာမည့် မန္တလာမြေမှ Lucky Home
၄း၂၀	ပုံဖော်ထွင်းထု မြန်မာ့ပန်းပု
၄း၃၅	တောင်ငူခေတ်ရဲ့ပုံရိပ်ပန်းချီ တော်ဝင်ကေတုမတီ
၅း၀၀	အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Newcastle- Chelsea	ESPN (Live)
၁၀း၂၅	Tottenham- Liverpool	ESPN (Live)

၂၀၁၀ ခုနှစ် ဆင္ဒမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ၂၀၁၀ ခုနှစ် ဆင္ဒမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်များနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၆ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသည်။

ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အမှုဆောင် ဒုတိယ ဗိုလ်မှူးကြီးကျော်ခင်(ငြိမ်း)က အမျိုးသား အသက်(၁၆)နှစ်အောက် တစ်ဦးချင်း ပြိုင်ပွဲ၌ ပထမရရှိသော ဇော်ဆန်းဦး၊ ဒုတိယရရှိသော ဟိန်းလှထူး၊ ပူးတွဲ တတိယရရှိကြသော ပိုင်စိုးနှင့် အောင်ပြည့်ဖြိုးတို့အား လည်းကောင်း၊ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အမှုဆောင် အဝေးသင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ ဒေါ်ခင်အေးအေးက အမျိုးသမီး အလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၌ ပထမရရှိသော သန္တာအောင်၊ ဒုတိယ ရရှိသော နီလာဝင်း၊ ပူးတွဲတတိယရရှိကြသော ဇင်မာထွေးနှင့် ကြည်မြဇော်တို့အား လည်းကောင်း၊ Myanmar C.P Live Stock Co.,Ltd. မှ ဦးစိုးလွင်က အမျိုးသား အလွတ်တန်း နှစ်ယောက်တွဲ ပြိုင်ပွဲ၌ ပထမရရှိသော တင်မျိုးဝေနှင့် ခင်မောင်ဝင်း၊ ဒုတိယရရှိသော မင်းမင်းနှင့် ရာဇာထွန်း၊ ပူးတွဲတတိယရရှိကြသော ကျော်စံဝင်းနှင့် မျိုးလွင်ဦး၊ အေးထွန်းနှင့် အောင်မိုးအတွဲတို့အား လည်းကောင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဝင်းက အမျိုးသားအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမရရှိသော မင်းမင်း၊ ဒုတိယရရှိသော တင်မျိုးဝေ၊ ပူးတွဲတတိယရရှိကြသော အိုက်ကျောက်နှင့် ဇင်ဘိုတို့အား လည်းကောင်း ဆုတံဆိပ်များနှင့် ဆုကြေးများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း**(အပေါ်ယာပုံ)**က အမျိုးသား အသင်းလိုက်ပြိုင်ပွဲ၌ ပထမ ရရှိသော အောင်ဆုထူးပိုင် တင်းနစ်ကလပ်အသင်းအား ဆုတံဆိပ်များနှင့် ဆုကြေးငွေ ကျပ်နှစ်သိန်းတို့ကို လည်းကောင်း၊ ဒုတိယရရှိသော ရွှေဒေါင်းယဉ် တင်းနစ်ကလပ် အသင်းအား ဆုတံဆိပ်များနှင့် ဆုကြေးငွေ ကျပ်တစ်သိန်းခွဲတို့ကိုလည်းကောင်း၊ ပူးတွဲ တတိယ ရရှိကြသော Y.C.D.C တင်းနစ် ကလပ်အသင်းနှင့် Victor Start တင်းနစ်ကလပ်အသင်းတို့အား ဆုတံဆိပ်များနှင့် ဆုကြေးငွေကျပ် ခုနစ်သောင်းစီတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်-မန္တလေးဈေးသင်္ဘော ဒီဇင်ဘာလတွင် ထွက်မည်

ရန်ကုန် နိုဝင်ဘာ ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်-မန္တလေးဈေးသင်္ဘော ခေါက်ရေ(၂) “မြဧရာ” ရေယာဉ်သည် ဒီဇင်ဘာ ၂ ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၃) တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်ရာ ကုန်တင်ဆောင်ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၉၂၁၉၉ နှင့် ၂၉၂၃၁၉ တို့သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း၊ နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံနှင့် မကွေးမြို့များတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အချစ်လား လာထား ဇာတ်ကား ဆက်လက်ပြသ

ရန်ကုန် နိုဝင်ဘာ ၂၇

နိုဝင်ဘာ ၂၆ရက် (သောကြာနေ့) တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာဇာတ်ကားသစ် ရုံတင်မပြသဘဲ ပြသဆဲ ဟာသဇာတ်ကားဖြစ်သည့် **အချစ်လား လာထား** ဇာတ်ကားသာ ဆက်လက်ပြသသည်။

လူစွမ်းကောင်းရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာ ညီညီထွန်းလွင်၏ ဤဇာတ်ကားမှာ ဟာသဇာတ်ကား ရိုက်ကူးရာတွင် အတွေ့အကြုံများစွာ ရရှိနေပြီဖြစ်သည့် ၎င်း၏ အရည်အသွေးကို ထပ်မံမြှင့်တင်ပြလိုက်ခြင်းဖြစ်၍ ပရိသတ်အားပေးမှု အရှိန်မလျော့သေးဘဲ ယခုတိုင် အောင်ပွဲခံနေခြင်းဖြစ်သည်။ အကယ်ဒမီ မင်းမော်ကွန်း၊ အကယ်ဒမီ ခန့်စည်သူ၊ မိုးအောင်ရင်၊ ကျော်ကျော်ဗို၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ ခိုင်သင်းကြည်၊ မယ်လိုဒီ၊ စိုးပြည့်သဇင်နှင့် ဗေလုဝတို့ ခေါင်းဆောင်ပါဝင်ကြပြီး သမ္မတ၊ သွင်၊ မင်္ဂလာရုံနှင့် မော်တင်ဂျန်းရှင်းရုံတို့တွင် ပြသမည်ဖြစ်သည်။ ရန်အောင်၊ နေတိုး၊ ထွန်းအိန္ဒြာဗိုနှင့် သက်မွန်မြင့်တို့ ပါဝင်သော ဘာမိတွန်ဇာတ်ကားမှာ ဝဇီရာ၊ ရွှေဗဟို၊ ဘုရင့်နောင်နှင့် ဧရာဝတီရုံတို့တွင် ပြသသည်။

ဒါရိုက်တာဝိုင်းရိုက်ကူးသည့် ကျောက်စက်ရေဇာတ်ကားမှာ မကြာမီ ရုံတင်တော့မည်ဖြစ်သည်။

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် နာမည်ကြီး သရုပ်ဆောင်မင်းသား နီကိုလပ်ကေ့ဂျ် ပါဝင်ထားသည့် သိပ္ပံနယ်လွန်ဖြစ်ရပ်ဆန်းဇာတ်ကား THE SORCERER'S APPRENTICE ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် ကမ္ဘာမြေကို ကျူးကျော်လာသည့် အခြားကမ္ဘာမှ ဂြိုဟ်သားများအကြောင်း ရိုက်ကူးထားသော SKYLINE ဇာတ်ကားများ ပြသမည်ဖြစ်သည်။

အချစ်လား လာထား ဇာတ်ကား သစ် မှ မင်းမော်ကွန်းနှင့် အိန္ဒြာကျော်ဇင်။

ပန်းအလှပင်များ

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နေပြည်သူများ စိတ်လက်ကြည်သာစွာ အပန်းဖြေနားနေနိုင်ရေးအတွက် နန်းဟေဝန်ပန်းခြံနှင့် မြို့တွင်းလမ်းဘေး ဝဲ၊ ယာများတွင် စိုက်ပျိုးရန် ပျိုးထောင်ထားရှိသည့် ပန်းအလှပင်များနှင့် အရိပ်ရပင်များ ပျိုးထောင်ထားရှိမှုကို နိုဝင်ဘာ ၁၆ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် အင်ဂျင်နီယာမှူး ဦးမြင့်စိုးတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

MFF PEP WOMEN CUP 2010

အမျိုးသမီးဘောလုံးပြိုင်ပွဲနှင့် စပ်လျဉ်း၍ ပွဲကြိုစာနယ်ဇင်းရှင်းလင်းပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ Red Horse Industrial Group (PEP) ၏ အဓိက ကူညီပံ့ပိုးမှုဖြင့် ကျင်းပမည့် MFF PEP WOMEN CUP 2010 အမျိုးသမီး ဘောလုံးပြိုင်ပွဲနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ Red Horse Industrial Group (PEP) မှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး အစီအစဉ်အရ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား အမှုဆောင်အရာရှိချုပ် ဦးသန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် Red Horse Industrial Group (PEP) ဒါရိုက်တာ ဦးတင်ဌေးဦးတို့က ရှင်းလင်းပြောကြားပြီး မီဒီယာများ၏ မေးမြန်းမှုကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါ MFF PEP WOMEN CUP 2010 အမျိုးသမီးဘောလုံးပြိုင်ပွဲကို ၂၀၁၀ ခုနှစ် နိုဝင်ဘာ ၃၀ ရက်မှ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ရန်ကုန်မြို့အောင်ဆန်းအားကစားကွင်းတွင် ကျင်းပသွားမည်ဖြစ်ပြီး စုစုပေါင်း အသင်းခုနစ်သင်းပါဝင်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲသည် မည်သည့်ကစားသမားမဆို ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့် အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖြစ်ကြောင်း၊ ပို့ဆောင်ရေး၊ စက်မှု(၁)၊ ကာကွယ်ရေး၊ အား/ကာသိပ္ပံ(ရန်ကုန်)၊ အား/ကာသိပ္ပံ (မန္တလေး) နှင့် အမှတ်(၃) အခြေခံပညာအသင်းတို့ ပါဝင်ကာ ပတ်လည် အမှတ်ပေးစနစ်ဖြင့် ကစားစေပြီး အမှတ်အများဆုံးရသည့် နှစ်သင်း ဗိုလ်လုရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ဆုကြေးများကို ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်ရာ ပထမရသည့် အသင်းအားချန်ပီယံဆုဖလား၊တစ်ဦးချင်း ရွှေတံဆိပ်နှင့်အတူ ဆုငွေကျပ် ၁၀ သိန်း၊ ဒုတိယအသင်းအား တစ်ဦးချင်းငွေတံဆိပ်နှင့်အတူ ဆုငွေကျပ်ခြောက်သိန်း၊ တတိယအသင်းအား တစ်ဦးချင်းကြေးတံဆိပ်နှင့် ဆုငွေကျပ်သုံးသိန်းချီးမြှင့်သွားမည့်အပြင် ပြိုင်ပွဲတစ်လျှောက် ဂိုးသွင်းအများဆုံး ကစားသမားဆုနှင့် အကောင်းဆုံး ကစားသမားဆုများကိုလည်း ထိုက်တန်စွာ ချီးမြှင့်သွားမည်ဖြစ်သည်။ ထို့အပြင် ပြိုင်ပွဲဝင်အသင်းအားလုံးအား ပြိုင်ပွဲဝင်ဆုကြေးအဖြစ် တစ်သင်းလျှင် ငွေကျပ်နှစ်သိန်းစီ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် ခြေစွမ်းပြနိုင်သော ကစားသမားများအား နိုင်ငံတကာပြိုင်ပွဲများအတွက် ပဏာမလက်ရွေးစင်အသင်းသားများအဖြစ် ရွေးချယ် လေ့ကျင့်ပေးသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို နေ့စဉ် ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး ကွင်းဝင်ကြေးအဖြစ် ငွေကျပ် ၅၀၀ သတ်မှတ်ထားကာ ပွဲကြည့်လက်မှတ်များကို အောင်ဆန်းကွင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ရုံးတွင် ကြိုတင်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MFF PEP WOMEN CUP 2010 အမျိုးသမီး ဘောလုံးပြိုင်ပွဲနှင့် စပ်လျဉ်းသည့် စာနယ်ဇင်းရှင်းလင်းပွဲကို ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ် ကုန်းဘောင်ခန်းမ၌ ကျင်းပစဉ်။

(သတင်းစဉ်)

Logistics Management for Myanmar သင်တန်းဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၂၇

ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) နှင့် ဂျပန်နိုင်ငံရှိ The Association for Overseas Technical Senolarship (AOTS) တို့ ပူးပေါင်း၍ Training on Logistics Management for Myanmar သင်တန်းကို ဒီဇင်ဘာ ၆ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ Traders Hotel ၌ ဖွင့်လှစ်ပို့ချမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MIFFA) UMFCCI Office Tower အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၄၈၄၇ တွင် လျှောက်လွှာများရယူပြီး နိုဝင်ဘာ ၂၉ ရက် နောက်ဆုံးထားပြီး ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

ဖျာပုံမြို့ အမှတ်(၁၀) မြို့မ အမက အာစရိယပူဇော်ပွဲ ကျင်းပမည်

ဖျာပုံ နိုဝင်ဘာ ၂၇

ဖျာပုံမြို့ အမှတ်(၁၀) မြို့မ အခြေခံပညာမူလတန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် အာစရိပူဇော်ပွဲကို ဒီဇင်ဘာ ၁၉ရက် မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဦးထွန်းလင်း(ခ)ကိုဘဲကြီး (၉၉၉-စတိုး)ဖုန်း-၀၄၅-၄၀၂၈၆၊ ကိုကျော်သူရ(ရွှေဟသ်ာရွှေဆိုင်) ဖုန်း-၀၉-၈၅၉၁၆၇၆၊ ကိုဝင်းတိုး(စိုးမိုးကုန်စုံဆိုင်) ဖုန်း-၀၄၅-၄၀၇၂၃၊ မသင်းသင်းဦး(အောင်မင်္ဂလာပုံနှိပ်တိုက်)ဖုန်း-၀၄၅-၄၀၈၇၄၊ မခင်စုရီ ဖုန်း-၀၄၅-၄၀၀၇၂၊ မခင်ဌေးကျော်(ကျော်ဆေးဆိုင်)ဖုန်း-၀၄၅-၄၀၂၂၁၊ မစုစုမော်(ဆုလာဘ်စတိုး) ဖုန်း-၀၄၅-၄၀၁၂၆နှင့် မခင်သစ္စာ ဖုန်း-၀၁-၂၁၂၂၁၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(၃၈၃)

တပ်မတော် (ကြည်း၊ ရေ၊ လေ)ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၇

၂၀၁၀ခုနှစ် (၄၉)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော် (ကြည်း၊ ရေ၊ လေ) ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေပိုင်းတွင် သတ်မှတ်ထားသည့်ဇုန်များ၌ ဆက်လက်ကျင်းပရာ (က)အုပ်စု ရပခဇုန်(တောင်ကြီး)၌ ကာကွယ်ရေးဝန်ကြီးဌာန စခန်းမှူးရုံးအသင်းက အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ခ)အုပ်စု နတခဇုန် (ပုသိမ်)၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ခ)အသင်းက အနောက်မြောက်တိုင်းစစ်ဌာနချုပ်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (ဂ)အုပ်စု နမခဇုန် (မုံရွာ)၌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (ဂ)အသင်းကို ၁၂ ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ (ဃ)အုပ်စု တပခဇုန် (တောင်ငူ)၌ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (င)အုပ်စု ရကတဇုန် (ရန်ကုန်)၌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု (က)အသင်းက နေပြည်တော်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းကို ကိုးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ (စ)အုပ်စု လပခဇုန် (မန္တလေး)၌ တပ်မတော် (ရေ)အသင်းက ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု (ခ)အသင်းကို ၁၅ ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း ယှဉ်ပြိုင်ကစားသွားကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

၂၀၁၀ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်
ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့

“အေအိုင်ဒီအက်စ်တိုက်ဖျက်ဖို့၊ ခွဲခြားမှုကိုရှောင်ကြဉ်လို့၊ ကာကွယ်ကုသစောင့်ရှောက်စို့”

“Stop AIDS. Keep the Promise.”
“Avoid Stigma & Discrimination: Towards Universal Access.”

နိုင်ငံတကာအားကစား

မန်ယူတွင် ဘာဘာတော့ဗ်၏ အနာဂတ်မသေချာမရေရာဖြစ်လာ

မန်ချက်စတာ နိုဝင်ဘာ ၂၇

မန်ယူအသင်းမှ ဘူလ်ဂေးရီးယား တိုက်စစ်မှူး ဘာဘာတော့ဗ်၏ အနာဂတ်မှာ မသေချာမရေရာဖြစ်လာခဲ့ပြီဟု သတင်းများတွင် ဖော်ပြထားသည်။ အသက်(၂၉)နှစ်ရှိ ဘာဘာတော့ဗ်မှာ မန်ယူအသင်းနှင့် စာချုပ်သက်တမ်း ခြောက်လသာ ကျန်ရှိတော့သည်။

ဘာဘာတော့ဗ်၏ ခြေစွမ်းပိုင်း ကျဆင်းလာမှုကြောင့် နောက်ထပ် စာချုပ်သက်တမ်း တိုးမြှင့်ချုပ်ဆိုရန် မန်ယူအသင်းက ဆိုင်းငံ့ထားသည်။ မန်ယူနည်းပြ ဖာဂူဆန်က ဒဏ်ရာမှ ပြန်လည်နိုးထလာသည့် ဝိန်းရွန်နေးကို ဘာဘာတော့ဗ်နှင့် ပုံမှန်တွဲကစားစေမည် ဟုဆိုသော်လည်း ဘာဘာတော့ဗ်အနေဖြင့် ဂိုးသွင်းခြေတွေ့ရန် လိုအပ်နေသည်။ ထိုသို့ မဟုတ်ပါက မန်ယူတွင် လူငယ်တိုက်စစ်မှူး ဟာနန်ဒက်ဇ်က အသုံးတည့်နေပြီဖြစ်ခြင်းကြောင့် ဘာဘာတော့ဗ် အနေဖြင့် အနေးနှင့်အမြန် မန်ယူမှ ထွက်ခွာရဖွယ်ရှိနေသည်။ ***အင်တာနက်။***



ဘလက်ဘန်းဘက်သို့ တစ်ဦးတည်း ငါးဂိုးသွင်းပေးခဲ့သည့် ဘာဘာတော့ဗ်။

ဝင်းတင် (ကြေးမုံ)

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည့် တရုတ်အမျိုးသမီး ဘော်လီဘောအသင်းအား နိုဝင်ဘာ ၂၇ ရက် ပြိုင်ပွဲအပြီး တွေ့ရစဉ်။

ပြိုင်ပွဲအပြီး ထိပ်ဆုံး ၁၀ သင်း၏ ဆုတံဆိပ်ရရှိမှုအခြေအနေ

စဉ်	အသင်း	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁။	တရုတ်	၁၉၉	၁၁၉	၉၈	၄၁၆
၂။	တောင်ကိုရီးယား	၇၆	၆၅	၉၁	၂၃၂
၃။	ဂျပန်	၄၈	၇၄	၉၄	၂၁၆
၄။	အီရန်	၂၀	၁၄	၂၅	၅၉
၅။	ကာဇက်စတန်	၁၈	၂၃	၃၈	၇၉
၆။	အိန္ဒိယ	၁၄	၁၇	၃၃	၆၄
၇။	တရုတ်(တိုင်ပေ)	၁၃	၁၆	၃၈	၆၇
၈။	ဥဇဘတ်ကစ္စတန်	၁၁	၂၂	၂၃	၅၆
၉။	ထိုင်း	၁၁	၉	၃၂	၅၂
၁၀။	မလေးရှား	၉	၁၈	၁၄	၄၁

ပရီမီယာလိဂ်ပွဲစဉ်(၁၅) ရလဒ်များ

ဗီလာ	၂ - ၄	အာဆင်နယ်
ဖူလ်ဟမ်	၁ - ၁	ဘာမင်ဂမ်
ဝုလ်ဗာဟမ်တန်	၃ - ၂	ဆန်းဒါးလန်း
ဝက်စ်ဟမ်း	၃ - ၁	ဝီဂန်
ဘော်လ်တန်	၂ - ၂	ဘလက်ပူးလ်
စတုတ်စီးတီး	၁ - ၁	မန်စီးတီး
မန်ယူ	၇ - ၁	ဘလက်ဘန်း
အဲဗာတန်	၁ - ၄	ဝက်စ်ဘရွန်း

အင်တာနက်။

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ပြီးဆုံး တရုတ်အသင်း ဆုတံဆိပ်ပေါင်း ၄၁၆ ခု ရရှိ

ကွမ်ကျိုး နိုဝင်ဘာ ၂၇

(၁၆) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို တရုတ်နိုင်ငံ ကွမ်ကျိုးမြို့၌ နိုဝင်ဘာ ၁၂ ရက်မှ ၂၇ ရက် (ယနေ့)အထိ ကျင်းပခဲ့ရာ အိမ်ရှင်တရုတ်အသင်းက ရွှေ ၁၉၉ခု၊ ငွေ ၁၁၉ခု၊ ကြေး ၉၈ ခု စုစုပေါင်း ဆုတံဆိပ် ၄၁၆ ခုဖြင့် ထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့သည်။ မြန်မာအသင်းမှာ ရွှေနှစ်ခု၊ ငွေငါးခု၊ ကြေးသုံးခုဖြင့် စုစုပေါင်း ဆုတံဆိပ် ၁၀ ခု ရရှိခဲ့သည်။ ***အင်တာနက်။***

FIFPro အကောင်းဆုံး ၁၁ယောက် စာရင်းအတွက် ဆန်ခါတင်စာရင်းထွက်ပေါ်

လန်ဒန် နိုဝင်ဘာ ၂၇

၂၀၁၀ ခုနှစ်အတွက် ဖီဖာ၏ FIFPro ကောင်းဆုံး ၁၁ယောက် စာရင်းအတွက် ဆန်ခါတင် ၅၅ ဦးစာရင်းကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။ အဆိုပါ အကောင်းဆုံး ၁၁ ယောက်စာရင်းကို ဖီဖာ၏ တစ်နှစ်တာ အကောင်းဆုံးကစားသမား စာရင်းနှင့်အတူ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကြေညာမည်ဖြစ်သည်။

ယင်းဆုကို ကမ္ဘာ့တစ်ဝန်းရှိ ပရိုကစားသမားပေါင်း ၅၀၀၀၀ ကမဲပေးရွေးချယ်မည်ဖြစ်သည်။ ပဏာမ ၅၅ ဦးစာရင်းတွင် ရီးယဲလ်မက်ဒရစ်နှင့် အင်တာမီလန်မှ ကိုးဦးစီ၊ ဘာစီလိုနာမှ ရှစ်ဦး၊ မန်ယူနှင့် ချယ်လ်ဆီးမှ ခြောက်ဦးစီ၊ အေစီမီလန်မှ ငါးဦး၊ ဘိုင်ယန်မြူးနစ်မှ လေးဦး၊ လီဗာပူးမှ နှစ်ဦး၊ ဂျူဗင်တပ်စ်၊ အာဆင်နယ်၊ မန်စီးတီး၊ စပါး၊ အက်သလက်တီကိုနှင့် လိုင်ယွန်တို့မှ တစ်ဦးစီပါဝင်နေကြသည်။ ***အင်တာနက်။***

ဖီဖာ၏ FIFPro ၁၁ ဦး စာရင်းတွင် ပါဝင်ရန် ရေပန်းစားနေသည့် ဘာစီလိုနာမှ မက်ဆီ။

ရီးယဲလ်နည်းပြမော်ရင်ဟိုနှင့် ကစားသမားလေးဦးအား ယူအီးအက်ဖ်အေစွဲချက်တင်

မက်ဒရစ် နိုဝင်ဘာ ၂၇

ဥရောပ ဘောလုံးအဖွဲ့ချုပ် စည်းကမ်း ထိန်းသိမ်းရေးကော်မတီသည် လာမည့်အင်္ဂါနေ့တွင် ရီးယဲလ်အသင်းနည်းပြ ဟိုဆေးမော်ရင်ဟိုနှင့် ကစားသမားများဖြစ်သော ဇာဗီအလွန်ဆို၊ ဆာဂျီယိုရာမို့စ်၊ ကာဆီးလက်စ်နှင့် ဂျာစီဒူဒက်စ်တို့အပေါ် ပြီးခဲ့သည့် အင်္ဂါနေ့က အိုင်းယက်စ်အသင်းနှင့် အဝေးကွင်းပွဲစဉ်တွင် ကစားသမား မပီသသည့် မလျော်ကန်သော အပြုအမူများအတွက် စွဲချက်တင်ထားသည့် အမှုအား စုံစမ်းစစ်ဆေးသွားမည်ဟု အဖွဲ့ချုပ်၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ယင်းနေ့ပွဲစဉ်တွင် အလွန်ဆိုနှင့် ရာမို့စ်တို့နှစ်ဦးသည် ပုံစံတူပြစ်ဒဏ်များ ကျူးလွန်ခဲ့သည့်အတွက် နှစ်ဝါတစ်နီဖြင့် ပုံမှန်ပွဲကစားချိန်ပြီးရန် မိနစ်ပိုင်းအလိုနှင့် နာကျင်အချိန်ပိုတို့တွင် အသီးသီး ထုတ်ပယ်ခံခဲ့ရသည်။

ပိုမိုထင်ရှားစေ

ဒတ်ချ်တီဗွီ Nos နှင့် စပိန်သတင်းစာမာကာတို့တွင် ဖော်ပြပါရှိသော မော်ရင်ဟိုသည် အလွန်ဆိုအား အထုတ်မခံရမီ အခိုက်အတန့်တွင် စကားလှမ်းပြောနေပုံနှင့် ယင်းက ရာမို့စ်ထံသို့ ဒူဒက်စ်၊ ကာဆီးလက်စ်တို့မှတစ်ဆင့် အမှာစကားပါးနေသည့် ပုံရိပ်များမှာ ထိုအနီကတ်ပြခံရသော ကစားသမားနှစ်ဦးကို ရည်ရွယ်ချက်ရှိရှိ တမင်ထုတ်ပယ်ခံရအောင် လုပ်ခဲ့သည်ဟု ထွက်ပေါ်လာသည့်သတင်းများကို ပိုမိုထင်ရှားစေခဲ့သည်။

ယင်းနှစ်ဝါတစ်နီ ပြစ်ဒဏ်ကြောင့် အလွန်ဆိုနှင့် ရာမို့စ်တို့နှစ်ဦးသည် အုပ်စုနောက်ဆုံး ပွဲစဉ်ဖြစ်သော အော်ဇေးအသင်းနှင့်ပွဲအား လွဲချော်ရမည်ဖြစ်သော်လည်း ၁၆ သင်း ရှုံးထွက်ပွဲစဉ်များ၌မူ အဝါကတ်ပြစ်ဒဏ်များ သယ်မသွားရတော့ဘဲ လွတ်လွတ်ကင်းကင်း ပါဝင်ခွင့်ရမည်ဖြစ်သည်။

တစ်ပွဲပယ်

စည်းမျဉ်းစည်းကမ်းအရ အုပ်စုပွဲစဉ်များတွင် အဝါကတ်နှစ်ခါပြခံရပါက တစ်ပွဲပယ်ပြစ်ဒဏ် ခံရမည်ဖြစ်သည်။

ထို့ကြောင့် ထိုကစားသမားနှစ်ဦးသည် အဝါကတ် ပြစ်ဒဏ်တစ်ကြိမ်စီ ကြုံခဲ့ပြီးဖြစ်သောကြောင့် အိုင်းယက်စ်နှင့်ပွဲတွင် ၎င်းတို့အထုတ်မခံရပါက အော်ဇေးနှင့်ပွဲတွင်ရလာနိုင်သည့် အဝါပြစ်ဒဏ်ကြောင့် ရှုံးထွက်အဆင့်တွင် ပွဲပယ်ပြစ်ဒဏ်ကြုံကြရမည်ဖြစ်သည်။ ထိုအဖြစ်ကိုရှောင်လွှဲရန်နှင့် ရထားပြီးဖြစ်သည့် အဝါပြစ်ဒဏ်အား ရှုံးထွက်ပွဲများဆီသို့ သယ်မသွားရလေအောင် တမင်ရည်ရွယ်၍ အနီပြစ်ဒဏ်ရအောင်လုပ်ခဲ့သည်ဟု စွဲချက်တင်ခံရခြင်းဖြစ်သည်။

မော်ရင်ဟို၊ ကာဆီးလက်စ်နှင့် ဒူဒက်စ်တို့သည်လည်း ထိုအနီပြစ်ဒဏ်များ နောက်ကွယ်တွင် ၎င်းတို့ပါဝင်သော အခန်းကဏ္ဍများအတွက် စုံစမ်းစစ်ဆေးခံရတော့မည်ဖြစ်သည်။

၎င်းတို့အားလုံးက မသမာမှုများရှိသည်ဟူသော စွက်စွဲချက်များကို ငြင်းပယ်ပြီး မည်သည့် အမှားအယွင်းမျှ မလုပ်ခဲ့ဟုဆိုကြသည်။

စည်းမျဉ်းစည်းကမ်းများအရ ပြစ်မှုထင်ရှားပါက ထိုကစားသမားနှစ်ဦးသည် ပွဲပယ်ပြစ်ဒဏ်ကို တိုးမြှင့်ခံရမည်ဖြစ်သည်။ ***အင်တာနက်။***

ပရိသတ် ၅၆၀၀၀ ဆံ့ ဘောလုံးကွင်းတည်ဆောက်ရန် စပါးအသင်းကို ခွင့်ပြုလိုက်ပြီ

လန်ဒန် နိုဝင်ဘာ ၂၇

စပါးအသင်း၏ ပရိသတ် ၅၆၀၀၀ ဆံ့ ကစားကွင်းတည်ဆောက်မည့် အစီအစဉ်အား လန်ဒန်မြို့တော်ဝန် ဘောရစ်ဂျွန်ဆင်က အင်္ဂါနေ့တွင် ခွင့်ပြုလိုက်ပြီဖြစ်သည်။

၂၀၁၂ အိုလံပစ်အားကစားပွဲများအပြီးတွင် အိုလံပစ်ကစားကွင်းလွှဲပြောင်းရယူရန်ကိုလည်း စပါးအသင်းက ကမ်းလှမ်းပြီးဖြစ်သည်။ ယခုကစားကွင်း တည်ဆောက်ရန်မြေနေရာကို ဟာရင်းဂေးကောင်စီမှ ယခုနှစ်အစောပိုင်းကတည်းက စပါးက ခွင့်ပြုပေးခဲ့သည်။

အရွေးချယ်ခံခဲ့ရ

ဒေါ်လာ ၇၀၉ ဒသမ ၇ သန်းတန် ကစားကွင်းအား တည်ဆောက်ရန် စပါးအသင်းက အသင့်ရှိနေသည်။

လန်ဒန်မြောက်ပိုင်း ဝှိုက်ဟတ်လိန်းတွင် နှစ်ပေါင်း ၁၁၁နှစ်တိုင်တည်ရှိပြီးဖြစ်သည့် စပါးအသင်းသည် အိုလံပစ်ကစားရုံကို ငှားရမ်းသုံးစွဲရန်အတွက် ဝက်စ်ဟမ်းယူနိုက်တက်အသင်းနှင့်အတူ ယခုလဆန်းပိုင်းတွင် အရွေးချယ်ခံခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***

စိုးတင့်နိုင်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာ့ပိုက်ကျော်ခြင်း အားကစားအသင်း ရွှေတံဆိပ်နှစ်ခု ထပ်မံဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၂၇

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့၌ ဆက်လက်ကျင်းပလျက်ရှိရာ မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်း အမျိုးသားအားကစားအဖွဲ့မှ ဇော်လတ်၊ ဇော်ဇော်အောင်၊ စည်သူလင်းတို့သည် ယနေ့ ကျင်းပသော အမျိုးသား DOUBLE ပြိုင်ပွဲ၌ တောင်ကိုရီးယားအသင်းကို နှစ်ပွဲ- ပွဲမရှိဖြင့် အနိုင်ရရှိကာ ပထမရွှေတံဆိပ်ဆုရရှိပြီး တောင်ကိုရီးယားအသင်းက ဒုတိယ၊ အင်ဒိုနီးရှားအသင်းနှင့် ဂျပန်အသင်းတို့က ပူးတွဲတတိယ ရရှိကြသည်။

ထိုနည်းတူ အမျိုးသမီး DOUBLE ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်း အမျိုးသမီး အားကစားအဖွဲ့မှ ကြူကြူသင်း၊ မေဇင်ဖြိုး၊ ဖြူဖြူသန်းတို့သည် တရုတ်အသင်းကို နှစ်ပွဲ- တစ်ပွဲဖြင့် အနိုင်ရရှိကာ ပထမရွှေတံဆိပ်ဆုရရှိပြီး တရုတ်အသင်းက ဒုတိယ၊ တောင်ကိုရီးယားအသင်းနှင့် ဂျပန် အသင်းတို့က ပူးတွဲတတိယ ရရှိသွားကြသည်။ မြန်မာနိုင်ငံ အားကစားအဖွဲ့သည် ရွှေတံဆိပ်ဆု နှစ်ခု၊ ငွေတံဆိပ်ဆု ငါးခုနှင့် ကြေးတံဆိပ်ဆု သုံးခု စုစုပေါင်း ဆုတံဆိပ် ၁၀ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၂၂)ရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပထမရွှေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအဖွဲ့မှ ဇော်လတ်၊ ဇော်ဇော်အောင်နှင့် စည်သူလင်းတို့အား တွေ့ရစဉ်။(ဝဲမှယာ) (သတင်းစဉ်)

ပထမရွှေတံဆိပ်ဆု

(၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲ၌ ပထမရွှေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင်ပိုက်ကျော်ခြင်းအဖွဲ့မှ ကြူကြူသင်း၊ မေဇင်ဖြိုးနှင့် ဖြူဖြူသန်းတို့အား တွေ့ရစဉ်။(ဝဲမှယာ) (သတင်းစဉ်)

ယနေ့ မြဝတီ သတင်းအညွှန်း

ဝတီးမြို့ဟောင်း တတိယအကြိမ် တူးဖော်ရာမှ ပျူခေတ်အစောပိုင်း ယဉ်ကျေးမှုများ တွေ့ရှိ။

(သတင်း)စာမျက်နှာ - ၇

(၁၆)ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲ ပြီးဆုံး၊ တရုတ်အသင်း ဆုတံဆိပ်ပေါင်း ၄၁၆ ခု ရရှိ။

(သတင်း)စာမျက်နှာ - ၁၁

ရီးယဲလ်နည်းပြ မော်ရင်ဟိုနှင့် ကစားသမားလေးဦးအား ယူအီးအက်ဖ်အေ စွဲချက်တင်။

(သတင်း)စာမျက်နှာ - ၁၁

ထူးခြားသည့် ညအပူချိန်များ (၂၇-၁၁-၂၀၁၀)

ဟားခါး	၅	ဒီဂရီစင်တီဂရိတ်
ပင်လောင်း	၆	ဒီဂရီစင်တီဂရိတ်
မင်းတပ်	၇	ဒီဂရီစင်တီဂရိတ်